မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၈၈)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့်ဆောင်ရွက်ပြီး လွတ်လပ်ရေးအနှစ်အရသာကို အများပြည်သူများသိရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်




(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ✭




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်)

# မြတ်နိုးဖွယ်ရာ အဆို အက အရေး အတီး အနုသုခုမပညာ

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာလ ၁၄ ရက်မှ ၂၀ ရက်အထိကျင်းပခဲ့ပြီး ထူးချွန်သူများအား ထိုက်တန်သောဆုများ အသီးသီးပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ယခုနှစ်တွင် ထူးခြားစွာမြင်တွေ့ခဲ့ရသည်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာသံစုံတေးဂီတအဖွဲ့ စုပေါင်းတီးခတ်ဖျော်ဖြေမှုဖြင့် တင်ဆက်ခြင်းဖြစ်သည်။ တိုင်းရင်းသားရှစ်မျိုး၏ရိုးရာတူရိယာ ၄၃ မျိုးနှင့်သံစုံတီးခတ်မှုမှာ စိတ်ဝင်စားဖွယ်ကောင်းသည့်တင်ဆက်မှုဖြစ်သည်။ အနုပညာအရ တိုင်းရင်းသားတို့စုစည်းညီညွတ်မှုရှိခြင်းကို ပြသလိုက်ခြင်းဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပခြင်းမှာ မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့်အမျိုးသားယဉ်ကျေးမှုကိုထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှုဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကိုပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအတွက် စာပေတတ်မြောက်မှုသာမက အနုပညာရပ်ကိုထူးချွန်စွာတတ်မြောက်ခြင်းဖြင့် အနာဂတ်အသက်မွေးဝမ်းကျောင်းကိုဖြောင့်တန်းစေမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများမှာ နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာအတူတကွနေထိုင်လာခဲ့ကြသည်။ ထုထည်ပမာဏကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပညာရပ်များတည်ရှိခဲ့သည်မှာလည်း နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီးဖြစ်ကြောင်း သမိုင်းမှတ်တမ်းများတွင်အထင်အရှားတွေ့ရှိရသည်။

ပုဂံခေတ်ကျောက်စာများတွင် တူရိယာပစ္စည်းများနှင့်တီးမှုတ်ကခုန်သူများကိုညွှန်းသည့် အသုံးအနှုန်းများပါရှိသည်။ အပယ်ရတနာဘုရားနှင့်ပုထိုးသားများဘုရားတို့တွင် ဗုံတီးနေသောအမျိုးသား၊ ခွက်ခွင်းတီးနေသောအမျိုးသား၊ ကနေသောအမျိုးသမီးပုံများကိုတွေ့ရသည်။ ၎င်းအပြင် မြင်းကပါဂူပြောက်ကြီးဘုရား တောင်ဘက်ပြတင်းပေါက်အနောက်နံရံ၌ အမျိုးသားကဗုံတီး၍ အမျိုးသမီးကစားနှစ်လက်ဖြင့်ကနေဟန်မှာ အလွန်မာန်ပါလှပြီး နံရံပန်းချီဆေးကြောသန့်စင်လိုက်သောအခါ အလွန်လှပသော၊ အချိုးအစားကျလှသောပုံများအဖြစ်တွေ့ရှိရသည်။

ကျန်စစ်သားဥမင်တွင် အတီးအမှုတ်ဖြင့် ဘုရားဖူးသွားသောသူများပုံမှာ တူရိယာများလေးငါးမျိုးမျှပါဝင်သည်။ စီတန်းလမ်းလျှောက်ကာ ကသူက က၍ တီးမှုတ်သူကတီးမှုတ်ကာ လိုက်ပါလာကြပုံဖြစ်သည်။ ရှေ့ဆုံးမှအမျိုးသမီးသည်လက်နှစ်ဖက်မြှောက်၍ကဟန်ဖြစ်သည်။ ၎င်းနောက်မှအမျိုးသမီးသည် လက်ခုပ်တီး၍လိုက်သည်။ ၎င်းနောက်စည်တီးသူ၊ စောင်းတီးသူ၊ ညှင်းမှုတ်သူတို့ကိုတွေ့မြင်ရပြီး ၎င်းနောက်တွင် အမျိုးသမီးနှစ်ဦးမှာ ကျွဲချိုမှုတ်သူနှင့်နောက်ဆုံးအမျိုးသမီးနောက်တွင်ဦးထုပ်ဆောင်း၍ ကြာပန်းများကိုင်ဆောင်သော အမျိုးသားငါးဦးပါရှိသည်။ ၎င်းတို့၏နောက်တွင် မြင်းလေးကောင်ကသောရထားထက်၌ ဘုရင်နှင့်မိဖုရားတို့လည်းပါရှိသည်။ အဆိုပါပုံများကိုကြည့်ခြင်းအားဖြင့် မြန်မာ့ရိုးရာအဆို၊ အတီး၊ အကတို့ကိုထင်ရှားစွာတွေ့မြင်နိုင်သည်။

မြန်မာ့ရိုးရာအနုသုခုမပညာရပ်များမှာ ပုဂံခေတ်မတိုင်မီ ပျူခေတ်ကပင်ထွန်းကားခဲ့သည့်ပညာရပ်များဖြစ်သည်။ မြန်မာ့သမိုင်း၏အစောပိုင်းကာလဖြစ်သော ခရစ်နှစ် ငါးရာစုနှစ်များကပင် ပျူလူမျိုးတို့သည် စာပေတတ်မြောက်နေပြီဖြစ်သောလူမျိုးဖြစ်ပြီး ယဉ်ကျေးမှုတို့သည်လည်း များစွာအဆင့်အတန်းရှိနေပြီဟူသောအချက်ကို ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့မှရရှိသော ပစ္စည်းလက်ရာ၊ ကျောက်စာအထောက်အထားများအရသိရှိရသည်။ တရုတ်မှတ်တမ်းများအရ ပျူတို့၏တေးဂီတမှာ အလွန်နှစ်သက်စွဲလမ်းဖွယ်ကောင်းလှကြောင်းလေ့လာမှတ်သားရသည်။ ယင်းတွေ့ရှိချက်မှတ်တမ်းအထောက်အထားတို့သည် နောင်တွင်ဖြစ်တည်လာမည့် မြန်မာတို့၏ပန်တျာအနုသုခုမဟုဆိုအပ်သော မြန်မာ့ဂီတ၏မြစ်ဖျားခံရာ ကနဦးအစပင်ဖြစ်သည်။ မြန်မာ့ဂီတသည်သံစဉ်ခုနစ်ပါးကိုအခြေခံထားခြင်းဖြစ်သည်။

ခေတ်အဆက်ဆက်ထွန်းကားလာခဲ့သည့်မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာနိုင်ငံသူ့ကျွန်ဘဝရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ဖိနှိပ်ချိုးနှိမ်မှုများကိုခံခဲ့ရသည်။ သို့သော်မြန်မာ့အနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့ကြသည့်အတွက် ယနေ့အထိမြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာ့ရိုးရာသွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက် ဆက်လက်ဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ်တွေ့မြင်ရခြင်းဖြစ်သည်။ ထိုကဲ့သို့ နှစ်ပေါင်းထောင်ချီခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့်ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ်ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရေး အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရမည်ဖြစ်သည်။ မြန်မာလူမျိုးတို့၏သမိုင်းကြောင်းခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်းဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှတစ်ဆင့် အနုပညာစွမ်းပကားဖြင့်စွမ်းဆောင်ပေးကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကျေးလက်ရေရရှိရေး အဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိစေရန်ရည်ရွယ်၍ မန်ကျည်းကုန်းကျေးရွာ၌ အဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့်ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် မန်ကျည်းကုန်းကျေးရွာ၌ အကျယ် ၄ လက်မ၊ အနက်ပေ ၃၀၀ ရှိ အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရရှိရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါအဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၀၀၄ သန်းဖြင့် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ယခုနှစ် ဇွန်လ ပထမအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၃-၁၀-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲကျင်းပမည်



ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှကြီးမှူး၍ (၃၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာလ ၁၄ ရက်တွင် စေတီတော်ရင်ပြင်ရာဟုထောင့်ရှိ အောင်မြေ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါမသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲတွင် ဘာသာရေးအသင်းအဖွဲ့များက ယှဉ်ပြိုင်ရက်လုပ်ကြပြီး ရရှိလာသည့်ပိတ်သားပြင်အား အထည်အလိပ်ဆိုင်ရာပညာရှင်များက စစ်ဆေးအမှတ်ပေးကာ ဆုအဆင့်ခွဲခြားသတ်မှတ်၍ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကာ ယင်းပိတ်စများအား ဝိနည်းတော်နှင့်အညီ ညတွင်းချင်းချုပ်လုပ်ကြပြီး တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ သတ်မှတ်ရုပ်ပွားတော်များအား ကပ်လှူပူဇော်မည်ဖြစ်သည်။

ထို့ပြင် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ်အဖြစ် တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်း၊ ဩဝါဒါစရိယဆရာတော်များ၊ စောင့်ရှောက်ရေးဆရာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ကထိန်သင်္ကန်းကပ်လှူခြင်း၊ အနုမောဒနာတရားနာကြားခြင်းနှင့် (၃၁)ဘုံသားတို့အား ကုသိုလ်အမျှပေးဝေခြင်းတို့ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

"မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်တာက ဗုဒ္ဓဘာသာဝင်တို့ရဲ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရာရောက်သလို လက်ခတ်ရက်ကန်းပညာ မပျောက်ဖို့ ထိန်းသိမ်းရာရောက်ပါတယ်။ ဒီပွဲက တစ်ဦးတစ်ယောက်ချင်းဆောင်ရွက်ရတာ မဟုတ်ဘဲ ဘာသာရေးအသင်းအဖွဲ့တွေ၊ ဂေါပကအဖွဲ့ဝင်တွေ၊ အထည်အလိပ်ပညာရှင်တွေ၊ ရက်ကန်းပညာရှင်တွေ၊ စက်ချုပ်ပညာရှင်တွေစုပေါင်းပြီး ပညာအလှူ၊ လုပ်အားအလှူပြုတဲ့ ကုသိုလ်ပြပွဲတော်လို့လည်း ပြောလို့ရပါတယ်"ဟု ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရွှေတိဂုံစေတီတော်၏ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲကို နှစ်စဉ်ကျင်းပခဲ့သော်လည်း ၂၀၁၉ ခုနှစ်က (၃၅) ကြိမ်အထိ ကျင်းပခဲ့ပြီးနောက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ဆက်လက်ကျင်းပနိုင်ခြင်းမရှိခဲ့ကြောင်း၊ ယခု ၂၀၂၄ ခုနှစ်မှသာ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲအဖြစ် ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၃၅) ကြိမ်မြောက်က ပြိုင်ပွဲဝင်အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုကြေးအဖြစ် ပထမဆု ငွေကျပ်၁၀ သိန်း၊ ဒုတိယဆု ငွေကျပ်ကိုးသိန်းခွဲ၊ တတိယဆု ငွေကျပ်ရှစ်သိန်း၊ စတုတ္ထဆု ငွေကျပ်ခြောက်သိန်းခွဲနှင့် နှစ်သိမ့်ဆုအဖြစ် တစ်သင်းလျှင် ငွေကျပ်ငါးသိန်းစီပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝန်းရံ**

# အင်းစိန်မြို့နယ်ရှိ တညင်းကုန်း လက်ကားဈေးသို့ တစ်ရက်လျှင် ဖရဲသီးတန်ချိန် ၃၀၀၀ ကျော်ဝင်ရောက်နေ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးသို့ မုံရွာ၊ ချောင်းဦး၊ မန္တလေး၊ ရမည်းသင်း၊ မိတ္ထီလာ စသည့်မြို့နယ်များမှ တစ်ရက်လျှင် ဖရဲသီးတန်ချိန် ၃၀၀၀ ကျော် ဝင်ရောက်နေကြောင်း တညင်းကုန်းလက်ကားဈေးရှိ သစ်သီးပွဲရုံများမှ သိရသည်။

"တစ်ရက်ကိုပျမ်းမျှ ဖရဲသီးတန်ချိန် ၃၄၀၀ လောက်အထိဝင်ရောက်ပါတယ်။ ဝင်တဲ့ ဖရဲသီးတွေကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့က မြို့တွေကိုပြန်လည်တင်ပို့ရောင်းချပါတယ်။ အရောင်းအဝယ်လည်းကောင်းမွန်ပါတယ်။ လက်ရှိဝင်ရောက်နေတဲ့ဖရဲသီးတွေက မိုးဖရဲတွေဖြစ်ပါတယ်" ဟု တညင်းကုန်းလက်ကားဈေးရှိ ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

အဆိုပါ တညင်းကုန်းလက်ကားဈေးသို့ ရောက်ရှိလာသည့် ဖရဲသီးများအား ဧရာဝတီတိုင်းဒေသကြီးရှိ မော်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ ဇလွန်၊ ကျောင်းကုန်း၊ အသုတ်၊ ပုသိမ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဥက္ကံ၊ ခရမ်း၊ ပဲခူးတိုင်းဒေသကြီးရှိ ကြို့ပင်ကောက် စသည့်တိုင်းဒေသကြီးများရှိမြို့များသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ဖရဲစိုက်ပျိုးရာတွင် မိုးဖရဲကို ဇူလိုင်လ၊ ဩဂုတ်လအတွင်း စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလအတွင်း ထွက်ရှိကြောင်း၊ ဆောင်းဖရဲကို အောက်တိုဘာလအတွင်း စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလမှ ဧပြီလအထိ ထွက်ရှိကြောင်း သိရသည်။

**ဝါဝါ**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်းသီးနှံစုံ ၂၅၅၇ ဧက စိုက်ပျိုးရန်လျာထား

ပွင့်ဖြူ အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်းသီးနှံ ၂၅၅၇ ဧက စိုက်ပျိုးရန် လျာထားကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရန်ရည်ရွယ်၍ စားဖိုဆောင်းသီးနှံများဖြစ်သည့် ငရုတ် ၁၄၀၅ ဧက၊ ကြက်သွန်နီ ၁၁၂၄ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း စားဖိုဆောင်းသီးနှံစုံ ၂၅၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီရေးအတွက် နိုဝင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများက လယ်ယာမြေများကို မြေဆီလွှာကောင်းမွန်စေရန် ထွန်ယက်ပြုပြင်ခြင်းများ လုပ်ကိုင်နေကြကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် စားဖိုဆောင်းသီးနှံစုံ ၂၅၅၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေ အခက်အခဲမဖြစ်စေဖို့ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေရရှိအောင် ချိတ်ဆက်ကူညီပေးတာ၊ သီးနှံတွေမှာ အစားအစာဘေးကင်းလုံခြုံစေဖို့၊ သီးနှံအထွက်နှုန်းကောင်းမွန်စေဖို့ GAP နည်းစနစ်တွေနဲ့အညီ စိုက်ပျိုးနိုင်ရေးပညာပေးတာ၊ သဘာဝပိုးသတ်ဆေးနဲ့ သဘာဝမြေဩဇာတွေကို စနစ်တကျ ကိုယ်တိုင်ထုတ်လုပ်အသုံးပြုတတ်စေရေး အသိပညာပေးတာစတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက စားဖိုဆောင်းသီးနှံစုံ စိုက်ပျိုးခြင်းကို လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကြိုတင်၍ လယ်ယာမြေများပြုပြင်ခြင်း၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးပေါင်းသတ်ဆေးများ ပြုလုပ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

မြဝတီ ကာတွန်း



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ကျွန်တော့်မှာ ပင်လယ်ပြင်ကျယ်ကြီးထဲတွင် စုန်ဆန်မျှောပြီး လှိုင်းသရမ်းကြီးများနှင့် နပန်းလုံးခဲ့ပေါင်းများခဲ့ပြီ။ ချောင်းရေစီးဆန်တာလောက်ကို ကျွန်တော်မမှု။ ကျွန်တော် နံလိမ်ပါအောင် ကြိုးစားပြီး လှေကို ကျုံးလှော်လိုက်သည်။ ချွေးများ ဖြိုင်ဖြိုင်စီးကျလာ၏။ နှစ်နာရီကျော်ကျော်ခန့် လှော်လိုက်ရသည်ထင်သည်။ ကမ်းထောင်းကြီးသို့ ရောက်သည်နှင့် လှေကြိုးကို ကြံ့ရာငုတ်တိုင်တွင် ဆွဲချည်လိုက်သည်။ ချက်ချင်းပဲ ကျေးရွာသမဝါယမအသင်း စက်လှေတာဝန်ခံဆီသို့ ပြေးသွားလိုက်သည်။

"မြေပုံသို့ စက်လှေများရှိမလားလို့"

"ဒီနေ့နံနက်ပဲ မြေပုံစက်လှေ ဝင်တယ်လေ၊ နောက်တစ်ပတ် တနင်္ဂနွေနေ့မှပဲပြန်ထွက်မယ်၊ တစ်ပတ်တစ်ကြိမ်ပဲ"

ကျွန်တော့်အဖို့ ရွှေရင်မီးတောက်ရပါပြီ။ ကျွန်တော် မည်သို့လုပ်ရမည်နည်း။ မနက်ဖြန် မြေပုံမြို့ အလုပ်သမားအစည်းအရုံးသို့မရောက်လျှင် ခဲလေသမျှသဲရေကျဖြစ်ရတော့မည်။ ကျွန်တော်သည် ကမ်းထောင်းကြီးမှ သရက်တောင်သို့ လှော်ဆင်းလာခဲ့ပြန်သည်။ အပြန်လမ်းတွင် ရေတက်က ကြမ်းနေပြန်ပြီ။ ကျွန်တော်၏စိတ်ရင်ပြင်အနှံ့ သောကရပ်ဝန်းက စိုးမိုးနေပေပြီ။ အရေးကြုံခဲ့ရပြီမို့ ကျွန်တော်အားရှိပါးရှိ လှော်ခဲ့သည်။ အချိန်သည် ကျွန်တော့်အတွက် လွန်စွာအရေးကြီးနေပေပြီ။

"လှော် လှော် လှော် ဘညွန့်ရေ လှော်"

ညနေ နေဝင်ရီတရောတွင် သရက်တောင်သို့ ပြန်ရောက်ခဲ့သည်။

"ဖေကြီးရေ ကမ်းထောင်းကြီး လိုင်းစက်လှေ မရှိဘူးဗျ၊ ဒီကပဲ ဖြစ်သလို စီစဉ်ပြီးသွားရမယ်"

အဖေသည် သက်ပြင်းမောတစ်ချက်ကို ချလိုက်တာ ကျွန်တော် သတိထားမိလိုက်သည်။

“ဒီလိုလုပ်မယ်ဖေကြီးရာ၊ ဒီကလူနှစ်ယောက်နဲ့ လှေတစ်စီးငှားမယ်၊ တက်နှစ်ချောင်းခတ်မယ်၊ သားက ပဲ့ကိုင်မယ် တစ်ညဆိုရောက်လိမ့်မယ်ထင်တာပဲ"

"ဟာ သား အကြံမဆိုးဘူး ရောက်တယ် ရောက်တယ်၊ တစ်ညဆိုရောက်တယ်၊ ဖေကြီးတို့ ငယ်ငယ်တုန်းကဆို မြေပုံကို ကိစ္စတစ်ခုရှိလို့သွားကြရင် ကူးတို့သည် ဦးဘစိန်ပဲခေါ်သွားကြတာလေ၊ တစ်ညဆို ရောက်ပါတယ်”

ကျွန်တော်တို့သားအဖနှစ်ယောက် အဓိပ္ပာယ်ရှိစွာ ကြည့်ဖြစ်လိုက်ကြသည်။

● ● ● ● ● ● ●

ရခိုင်ရိုးမတောင်တန်းကြီးသည် လခြမ်းမြေကမ်းရိုးတန်းအား စီးမိုးကြည့်နေပေ၏။ မိုးက တဖြောက်ဖြောက် ရွာနေသည်။ ကျွန်တော်တို့လှေမှာ ချောင်းကျဉ်းကလေးမှ တဖြည်းဖြည်း မြစ်ဝကျယ်ဘက်သို့ ရွေ့လျားလာခဲ့သည်။ ပင်လယ်ပြင်ဘက်ကလေသည် တစ်ချီတစ်ချီ ခပ်ကြမ်းကြမ်းတိုက်ခတ်လာ၏။ ကျွန်းစဉ်ဒေသသည် မြစ်ချောင်းများ ခက်ဖြာယှက်နေသောဒေသဖြစ်၍ ချောင်းကြီးချောင်းငယ် အသွယ်သွယ်ကို ဖြတ်ကျော်ရသည်။ ညအချိန်ဖြစ်၍

**"ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ကျွန်တော် မြို့နယ်အလုပ်သမားအစည်းအရုံးဘက်သို့ သုတ်ခြေတင်လာခဲ့၏။ ရုံးရှေ့သို့အရောက်တွင် အစည်းအရုံးခန်းမဘက်သို့ လှမ်းကြည့်လိုက်သည်။ နည်းတဲ့ လူအုပ်ကြီးမဟုတ်။ တစ်ရာအောက်လျော့မည်မထင်။ ကျောင်းဆရာခန့်မှာက ၂၀ တဲ့။ ကျွန်တော့်ရင်ဘတ်ထဲ တဒင်္ဂအတွင်း စိုးရိမ်စိတ်ကလေးဝင်သွား၏။ ကျွန်တော် ရဲမာန်သွင်းပြီး ရုံးပေါ်သို့ လှမ်းတက်လိုက်သည် . . ."**

ပိုဆိုးသည်။ လမ်းမကျွမ်းလျှင် မလွယ်။

"လောင်းဒရိတ်မြစ်ခွဆုံတော့ ရောက်ပြီ၊ ပင်လယ်ဘက်လှည့်ဆင်းမလား ရေဆန်ကွေ့ဘက် ဆက်သွားမလား"

"ညလည်းည လလည်းလမိုက်ဆိုတော့ ပင်လယ်ဘက်က ဖြစ်မယ်မထင်ဘူးကွာ၊ လေကလည်းဖောက်နေတယ်၊ မိုးကလည်း ရွာကထွက်လာကတည်းက စဲတယ်ရယ်လို့ မရှိဘူး"

ဦးအောင်ထွန်းဇံ ဆေးပြင်းလိပ်ကို မီးညှိရင်း ပြောလိုက်သည်။ (ဦးအောင်ထွန်းဇံမှာ ကျွန်တော် အမ်းမြို့နယ်သို့ ထင်းဝယ်သွားတုန်းကလည်း လိုက်ပါကူညီပေးခဲ့သည်။)

"နည်းနည်း ပိုဝေးရင်လည်းဝေးကွာ၊ ရေဆန်ကွေ့ဘက်ကပဲသွားပါ၊ ဒိုင်းပုံရွာနားရောက်ရင်တော့ ရေသင့်ပြီ"

ဦးအောင်ထွန်းဇံက တက်ခတ်ရင်း သူ့ဆန္ဒကိုဖော်ထုတ်လိုက်သည်။ ကျွန်တော်သည် လှေဦးကို မိုးသီးနတ်တောင် ရေဆန်ကွေ့ဘက်သို့ လှည့်ပေးလိုက်သည်။ ညဉ့်သန်းခေါင်တိုင်ခဲ့ပေပြီ။ ရာသီဥတုဒဏ်ကို ကာကွယ်ရန်အတွက် ကျွန်တော်တို့ ဆောင်းလာခဲ့ကြသော ခမောက်ကလေးများမှာ ဦးခေါင်းတစ်လုံးလုံးရုံအနိုင်နိုင်၊ တစ်ချီတစ်ချီ လေပြင်းပင့်ရိုက်လိုက်လျှင် မျက်နှာတောင်မလုံချင်။ မိုးကာပိုင်းလေးတစ်ပိုင်းစီလည်ပင်းတွင် ဆွဲစည်းချည်ပြီး ခြုံသိုင်းထားလို့တော်သေးသည်။

စံပယ်ရုံ စံပယ်ခင်း၊ ပင်ချင်းနွယ်ယှက်၊ ရွက်ပွင့်ဖြူဖွေး၊ ဖူးငုံသေးတို့ဖြင့် အယဉ်ဆင့်နေသည့် ပညာရေးဝတ်ရုံလွှာကို တစ်သက်တာထာဝရလွှမ်းခြုံလိုသည့် မောင်ဘညွန့်။ ကြိုးစားမှုနှင့်ရလဒ် သဟဇာတမဖြစ်တော့ မျှော်လင့်ချက်တာရိုး ကျိုးပေါက်ပြီး စံပယ်တောကို ကျောခိုင်းခဲ့ရသည်။ ငိုခြင်းရယ်ခြင်းများဖြင့် ဖွဲ့ယှက်ထားသည့် ဒုက္ခသစ္စာမြေတလင်းမှာ စစ်ခင်းခဲ့ရသည်။ ရေလုပ်သား တံငါသည်ဘဝ၊ အငှားခန္ဓာမြှောင်ရသော ဝင်ကစွပ်ကျောင်းဆရာဘဝနှင့် ခေါင်းစီးတပ်မရသော လုပ်ငန်းခွင်အမျိုးမျိုးတွင် ကျင်လည်ခဲ့ရသည်။ မြစ်ပင်လယ်မှာ စုန်ဆန်မျှောပြီး ပိုက်လှေနဲ့လည်း လိုက်ခဲ့သည်။ မျှားလှေနဲ့လည်း ရုန်းခဲ့သည်။

အနှစ်နှစ် အလလက မက်ခဲ့သော အိပ်မက်ခုတော့ အကောင်အထည်ပေါ်တော့မည်။ နေ့ပေါင်းများစွာ၊ လပေါင်းများစွာပျိုးခဲ့သော ရင်တွင်းက စံပယ်ခင်းဖူးပွင့်ဝေဆာ လှပန်းဖြာပေတော့မည်။ ကျွန်တော် လှေလှော်ရင်း အတွေးလှလှကြောင့် ပြုံးမိသွားသည်။ ကျွန်တော့်မှာ ကိုယ့်ဘဝကို အဖန်ဖန်စဉ်းစားရင်း လှော်တက်ကို အားကုန်ဆွဲကာ ဖိလှော်ပစ်လိုက်သည်။

"ကျွိ ဂျောင်း ပွမ့်"

"ကျွိ ဂျောင်း ပွမ့်"

ခတ်တက်ကွင်း ကြိမ်နွယ်ပွတ်တိုက်သံ၊ ရေထဲသို့ ခတ်တက်ချသံ၊ ရေယက်သံတို့မှာ ညဉ့်ယံကို တိုးဖောက်ပြီး သံစဉ်မှန်မှန်ပေါ်ထွက်နေပေသည်။ အားလျှော့လို့ရမတဲ့လား၊ မနက်ဖြန်နံနက် ၁၀ နာရီထိုးတာနဲ့ ကျောင်းဆရာဖြစ် အင်တာဗျူးဖြေချိန် ရောက်တော့မည်။ သည်တော့ ကျွန်တော်၏ တက်လှော်ချက်တိုင်း အင်အားပြည့်ဖို့ လိုသည်လေ။

"ဆရာဘညွန့်ရေ မိုးလင်းလို့ ရောက်ဖို့မလွယ်ဘူးနော်။ နောက်ထပ် ၃ နာရီလောက် ခပ်ကြမ်းကြမ်းလှော်မှ ရောက်မှာ"

တက်ခတ်သား ကိုညိုဦးက ကျွန်တော့်အတွက် ကူတွေးပေးလိုက်သည်။ နေဝန်းနီကြီး ထွက်ပေါ်လာပေပြီ။ အရှေ့ဆီက နေလုံးကြီးသည် "မင်္ဂလာပါ ချစ်သော ဤမြေကမ္ဘာ"ဟု နှုတ်ဆက်နေသယောင်။ ကမ္ဘာမြေပြင်အား အလင်းရောင်ပေးနေပေပြီ။ မိုးဖွဲလေးများကတော့ ရှင်နေမင်း၏ထိုးစစ်ဒဏ်ကြောင့် တပ်ဆုပ်ပြေးခဲ့လေပြီ။ ငွေဗျိုင်းဖြူတစ်အုပ်စည်းလုံးမှုသရုပ်ကိုဖော်ထုတ်ရင်း မြစ်ပြင်ကို ဖြတ်သန်းပျံနေကြသည်။

● ● ● ● ● ● ●

"ကိုကြီးညိုတို့ လှေပေါ်မှာပဲ ထမင်းချက်ကြတော့နော် ပေါင်းမိုးထဲမှာရပါတယ်၊ အိမ်က ငါးတွေ၊ ဟင်းတွေ အကုန်လုံးပါလာတယ်။ ကျွန်တော် ၁၀ နာရီ ရုံးချိန်မီဖို့ လိုတယ်ဗျ"

ကျွန်တော်သည် ပုဆိုး၊ အင်္ကျီများကို အလျင်စလိုလဲဝတ်ပြီး မြေပုံမြို့ နတ်ချောင်းကမ်းပါးပေါ်သို့ ပြေးတက်လိုက်သည်။

"ဘယ်နှနာရီရှိပြီလဲ အစ်ကို"

မြစ်ကမ်းစပ်သို့အတက်တွင် နာရီပတ်ထားသူတစ်ဦးကိုတွေ့၍ ကျွန်တော် မေးလိုက်သည်။


" ၉ နာရီ ၄၅ မိနစ်အတိပဲ"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ကျွန်တော် မြို့နယ်အလုပ်သမား အစည်းအရုံးဘက်သို့ သုတ်ခြေတင်လာခဲ့၏။ ရုံးရှေ့သို့အရောက်တွင် အစည်းအရုံးခန်းမဘက်သို့ လှမ်းကြည့်လိုက်သည်။ နည်းတဲ့ လူအုပ်ကြီးမဟုတ်။ တစ်ရာအောက်လျော့မည်မထင်။ ကျောင်းဆရာခန့်မှာက ၂၀ တဲ့။ ကျွန်တော့် ရင်ဘတ်ထဲ တဒင်္ဂအတွင်း စိုးရိမ်စိတ်ကလေးဝင်သွား၏။ ကျွန်တော်ရဲမာန်သွင်းပြီး ရုံးပေါ်သို့ လှမ်းတက်လိုက်သည်။

● ● ● ● ● ● ●

**ဆက်လက်ဖော်ပြပါမည်။**

# မော်လမြိုင်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကျင်းပ



မော်လမြိုင် အောက်တိုဘာ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူး၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၁ ရက်က ကြာအင်းကျေးရွာအုပ်စု အမှတ် (၅၄) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ယုက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်ဇင်က သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်များနှင့် သင်တန်း၏အကျိုးကျေးဇူးများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်၊ ခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးတို့က သင်ရိုးညွှန်းတမ်းစာအုပ်များနှင့် စာရေးကိရိယာများကို သင်တန်းသားများထံပေးအပ်ခဲ့ပြီး ခင်းကျင်းပြသထားသော စက်ကိရိယာပစ္စည်းများအား ကြည့်ရှုခဲ့သည်။

အဆိုပါသင်တန်းတွင် ဒေသတွင်းလယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုးလက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များအား စနစ်တကျမောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို သင်တန်းသား ၃၀ ဦးအား စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများက အောက်တိုဘာလ ၂၁ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ





နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်နှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက ဝန်ကြီးဌာနအဖွဲ့အစည်းများ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ CPU (Corruption Prevention Unit)များဖွဲ့စည်းပြီး အဂတိလိုက်စားမှုများ လျော့နည်းပပျောက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုကင်းစင်သည့် နိုင်ငံတော်ကြီးဖြစ်စေရန် အဂတိလိုက်စားမှုကို အတူတကွပူးပေါင်းပါဝင်တိုက်ဖျက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှုများဖြစ်ပေါ်ခြင်းကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်နစ်နာစေမှု၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူလျက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများ၊ အဂတိလိုက်စားမှု၏သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ တားဆီးကာကွယ်ရေးကဏ္ဍများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသောဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့ဝင်များတွေ့ဆုံကြပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

## ရုရှားရေတပ် Russian Pacific Fleet မှ ချစ်ကြည်ရေးအဖွဲ့ခေါင်းဆောင်နှင့်စစ်ရေယာဉ်မှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားစစ်ရေယာဉ်များတွင်အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါလာသော ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Antsiferov Alexey Vitalievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့် အဖွဲ့ဝင်များအား ရေတပ်လေ့ကျင့်ရေးဌာနချုပ်၊ အဏ္ဏဝါသီရိရိပ်သာ၌ လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်များအကြား ရေကြောင်းလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်း၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံရေတပ်များအကြား အပြန်အလှန်ဆက်ဆံမှုကိစ္စရပ်များ၊ စစ်ရေယာဉ်များချစ်ကြည်ရေးခရီးအပြန်အလှန် လည်ပတ်မှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Antsiferov Alexey Vitalievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးက လက်ခံတွေ့ဆုံစဉ်။



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံဖွင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်ဖွင့်လှစ်





နေပြည်တော် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1)၊ ကျောက်စိမ်းခန်းမ၌ကျင်းပရာ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်ဖွင့်လှစ်ပေးသည်။

(၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ အထူးဧည့်သည်တော်အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)ဥက္ကဋ္ဌ Mr. Ahmed Naser Al-Raisi၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ အဆင့်မြင့်ရဲအရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံနှင့်အဖွဲ့အစည်းများ(Dialogue Partners)ဖြစ်သည့် ရုရှား၊ ဩစတြေးလျ၊ တရုတ်၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ လေ့လာဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Observers) ဖြစ်သည့် တီမောလက်စ်တေ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) တို့မှ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ သံတမန်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲမတိုင်မီ အထူးဧည့်သည်တော်အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(INTERPOL) ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဂုဏ်ထူးဆောင်ဧည့်သည်တော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အား မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ အခန်းအမှတ်(၂၀၀၄)၌ ဂါရဝပြုတွေ့ဆုံကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီ ၂၀ မိနစ်မှ ၉ နာရီ ၃၅ မိနစ်အထိ ကျင်းပရာ အလံကိုင်အဖွဲ့ဝင်ရောက်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေခြင်း၊ မြန်မာနိုင်ငံတော်သီချင်းနှင့် အာဆီယံရဲအဖွဲ့သီချင်းများ တီးမှုတ်ဂုဏ်ပြုခြင်း၊ တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်ရင်း ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များအတွက် ဆုတောင်းစကားပြောကြားခြင်းနှင့် အမှတ်ရသောအားဖြင့် တစ်မိနစ် ငြိမ်သက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်ခဲ့သည့်နေ့ အထိမ်းအမှတ်အစီအစဉ်ဖွင့်လှစ်ပေးခြင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်သည့်နေ့အထိမ်းအမှတ်အဖြစ် ၁၉၈၁ ခုနှစ်မှယနေ့အထိ အာဆီယံရဲအဖွဲ့၏ ဆောင်ရွက်ချက်များကို ဗီဒီယိုပြသခြင်း၊ အထူးဧည့်သည်တော်က အမှာစကားပြောကြားခြင်း၊ ဂုဏ်ထူးဆောင်ဧည့်သည်တော်က ညီလာခံအဖွင့်မိန့်ခွန်းပြောကြား၍ (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို တရားဝင် ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ညီလာခံပထမနေ့အဖြစ် ယနေ့တွင် ပထမအကြိမ် စုံညီအစည်းအဝေး၊ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ ဆွေးနွေးမှုဖိုရမ်၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံ/




အဖွဲ့အစည်းများအကြားဆွေးနွေးမှုဖိုရမ်တို့ကိုပြုလုပ်၍ကော်မရှင်(အေ)၊ ကော်မရှင် (ဘီ)နှင့် ကော်မရှင်(စီ) အစည်းအဝေးများကို တစ်ပြိုင်နက်တည်း ကျင်းပသည်။

ကော်မရှင်(အေ)နှင့် ကော်မရှင် (ဘီ) အစည်းအဝေးများတွင် နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းနယ်ပယ်များဖြစ်သော မူးယစ်ဆေးဝါးမှောင်ခိုမှု (Illicit Drug Trafficking)၊ အကြမ်းဖက်မှု (Terrorism)၊ လက်နက်မှောင်ခိုမှု (Arms Smuggling)၊ လူကုန်ကူးမှု (Trafficking in Person)၊ တောရိုင်းတိရစ္ဆာန်ဆိုင်ရာပြစ်မှု (Wildlife Crime)၊ ပင်လယ်ရေကြောင်းဆိုင်ရာလိမ်လည်မှု(Maritime Fraud)၊ စီးပွားရေးဆိုင်ရာမှုခင်း၊ ဘဏ်မှုခင်းများ၊ ခရက်ဒစ်ကတ်လိမ်လည်မှု (Commercial Crimes၊ Bank Offences and Credit Card Fraud)၊ ဆိုက်ဘာရာဇဝတ်မှု (Cybercrime)၊ ခရီးသွားစာရွက်စာတမ်းအတုပြုလုပ်မှု (Fraudulent Travel Document)နှင့် နိုင်ငံဖြတ်ကျော်လိမ်လည်မှု(Transnational Fraud)တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကော်မရှင်(စီ)အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား အီလက်ထရောနစ် Database စနစ်(e-ADS) အသုံးပြုရေး၊ မှုခင်းဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေး၊ အာဆီယံရဲအဖွဲ့များအကြား အပြန်အလှန် လေ့ကျင့်သင်တန်းပေးရေးနှင့် အာဆီယံရဲအဖွဲ့မှုခင်းသိပ္ပံကွန်ရက်တည်ထောင်ရေး စသည့်အကြောင်းအရာလေးရပ်ကိုဆွေးနွေးကြမည်ဖြစ်ပြီး ကော်မရှင်များအလိုက် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို စုစည်း၍ ပူးတွဲကြေညာချက် (မူကြမ်း) ပြုစုကြမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဧည့်သည်တော်များ၏ ဇနီးသည်များသည် နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ခြင်းနှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် လာအိုနိုင်ငံနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် တစ်နှစ်အကြာ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် နှစ်နှစ်အကြာ ၂၀၀၀ ပြည့်နှစ်တွင် အကြိမ်(၂၀)မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ် (ယခု ရန်ကုန်ရှန်ဂရီလာဟိုတယ်)၌ ပထမဆုံးအကြိမ် လက်ခံကျင်းပပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော် သင်္ဂဟဟိုတယ်၌ ဒုတိယအကြိမ် လက်ခံကျင်းပပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို တတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ညီလာခံ၏ဆောင်ပုဒ်မှာ “နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ဖို့ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်ဆောင်ရွက်မှု ခိုင်မာအားကောင်းရေး ဆောင်ရွက်စို့(Strengthening Regional and Global Partnerships to Combat Transnational Crime)” ဖြစ်ကြောင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်ခဲ့သည့်နေ့ အထိမ်းအမှတ်အစီအစဉ်သည် ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် အာဆီယံရဲအဖွဲ့ စတင်ထူထောင်ခဲ့ပြီးနောက် ၄၃ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပထမဆုံးအကြိမ် လက်ခံကျင်းပပေးနိုင်ခဲ့သည့် ညီလာခံအစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။ (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား အောက်တိုဘာလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

# စိုက်ပျိုးရေးနှင့် မွေးမြူရေး ပထမနှစ် ဒီပလိုမာသင်တန်းများ နိုဝင်ဘာလ ၂၃ ရက်တွင် ဖွင့်လှစ်မည်

နေပြည်တော် အောက်တိုဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးသင်တန်းကျောင်းနှင့်စိုက်ပျိုးရေးသိပ္ပံဌာနခွဲက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ပထမနှစ် ဒီပလိုမာသင်တန်းများကို နိုဝင်ဘာလ ၂၃ ရက်တွင် နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများ၌ တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ပထမနှစ် ဒီပလိုမာသင်တန်းသားများ ရွေးချယ်ခြင်းအစည်းအဝေးမှသိရသည်။

ထိုသို့ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စိုက်ပျိုးရေးနှင့်မွေးမြူရေး ပထမနှစ် ဒီပလိုမာသင်တန်းသားများ ရွေးချယ်ခြင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်နှင့် ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ၁၄ ကျောင်းမှ ကျောင်းအုပ်ကြီးများ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စိုက်ပျိုးရေး တတိယနှစ် ဒီပလိုမာအငယ်တန်း၊ မွေးမြူရေး တတိယနှစ်ဒီပလိုမာသင်တန်းများ၏ စာမေးပွဲ အောင်/ရှုံး ဆုံးဖြတ်အတည်ပြုခြင်းကိုလည်း ဆောင်ရွက်ကြကြောင်း သိရသည်။



အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများတည်ရှိရာ ဒေသကို စိုက်ပျိုးရေးကဏ္ဍ၏ စံနမူနာပြဒေသများအဖြစ် ဖော်ဆောင်နိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သတင်း မှတ်စုတို

# လှည်းယဉ်ကြော့ (ခေါ်) နွားလှည်းယဉ်နှင့် လိုက်ဖက်ညီသည့် မြန်မာတို့၏ရိုးရာဓလေ့ ရှင်ပြုအလှူတော်ပွဲ



မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ ပြုလုပ်ကြသော အလှူပွဲများ၏ ရှင်လောင်းလှည့်ပွဲများတွင် နွားလှည်းယဉ်သည် အလိုက်ဖက်ဆုံးယာဉ်တစ်မျိုးဖြစ်ပြီး နွားလှည်းယဉ်ကို ရှေးအခါက လှည်းယဉ်ကြော့နှင့် ယခုခေတ်တွင် ရွှေလှည်းယဉ်ဟုခေါ်ဆိုကြသည်။

ပွင့်လင်းရာသီဖြစ်သော သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လတို့တွင် ကျေးလက်တောရွာဒေသများ၌ ကောက်ပဲသီးနှံများ လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ တောင်သူများက ကထိန်သင်္ကန်းလှူဒါန်းခြင်းနှင့် မိမိတို့၏ သားလှရတနာလေးများအား သာသနာ့ဘောင်သွတ်သွင်းခြင်းနှင့် သမီးလှရတနာလေးများအား နားသခြင်း မင်္ဂလာဟုခေါ်ဆိုအပ်သော အလှူတော်ပွဲများကျင်းပလေ့ရှိကြသည်။

မိမိတို့ဒေသ၏ ရိုးရာဓလေ့အလှူတော်ပွဲများ ဆင်ယင်ကျင်းပချိန်တွင် ဆင်၊ မြင်း၊ နွားလှည်းယဉ်၊ မော်တော်ယာဉ်များဖြင့် အလှပေါ်အယဉ်ဆင့်ကာ မြို့ပေါ်ရပ်ကွက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လှည့်လည်၍ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပလေ့ရှိသည်။

အလှူပွဲများ လှည့်လည်နိုင်ရေးအတွက် ဆင်၊ မြင်းနှင့် မော်တော်ယာဉ်ငှားရမ်းရသည်မှာ လွယ်ကူသော်လည်း လှည်းယဉ်ကြော့ (ခေါ်) ရွှေလှည်းယဉ်ငှားရသည်မှာ ခက်ခဲလှပေသည်။

"ကျွန်တော်တို့ အညာဒေသက လှည်းယဉ်ရှာရတာ အင်မတန်ခက်ပါတယ်။ အလှူပွဲများမှာငှားရမ်းဖို့ ရွှေလှည်းယဉ်အသင်း၊ အဖွဲ့တွေ တည်ထောင်ထားရင်တော့ ငှားရတာလွယ်ကူပါတယ်။ တစ်ရွာတစ်ရွာကို လှည်းတစ်စီး၊ နှစ်စီးလောက်သာရတော့ လှည်းယဉ်ဆယ်စီး၊ တစ်ဆယ့်ငါးစီးရဖို့က အတော်လေးခက်ခဲပါတယ်။ ဒါပေမဲ့ ရိုးရာဓလေ့ကို ဖော်ညွှန်းပြသတဲ့ပွဲဆိုတော့ ဖြစ်အောင်တော့ လုပ်ကြပါတယ်" ဟုမင်းဘူးမြို့ ချမ်းသာကြီး လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးသက်ထွန်းက ပြောသည်။

အလှူပွဲအဝင်နေ့ ဆင်၊ မြင်း၊ လှည်းယဉ်၊ မော်တော်ယဉ်များဖြင့် လှည့်လည်ရာတွင် မြတ်စွာဘုရားရှင်ရုပ်ပွားတော်အားပင့်ဆောင်လာသည့် မော်တော်ယာဉ်သည် ရှေ့ဆုံးမှ ထွက်ခွာလာပြီး နောက်မှ မောင်ရှင်လောင်းများ တင်ဆောင်လာသည့် ဆင်၊ မြင်း၊ နွားလှည်းယဉ်များနှင့် မောင်ရှင်လောင်းမိဘ အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများက သင်္ကန်းပရိက္ခရာများပိုက်ကာ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည့် ရိုးရာဓလေ့ပွဲတော်ဖြစ်ကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)

# ကျေးရွာစွန့်ပစ် အမှိုက်စီမံခန့်ခွဲမှုစနစ် ကွင်းဆင်းဆောင်ရွက်

မက်မန်း အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများသန့်ရှင်းသာယာလှပစေရန်၊ အဖွဲ့အစည်းနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်တတ်စေရန် စသည့်အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ကွန်ဟောင်းကျေးရွာ၌ ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေများကို အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကွန်ဟောင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် အပတ်စဉ်အလိုက် အမှိုက်ကင်းစင်ရေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဦးဆောင်၍ အဆိုပါကျေးရွာများရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့်ပူးပေါင်းကာ ကောင်းမွန်သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်ဖြစ်စေရေးအတွက် ကျေးရွာအဝင်ရှိ ချုံနွယ်သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ပင်များရှင်းလင်းခြင်းနှင့်ကျေးရွာတွင်း စွန့်ပစ်အမှိုက်များကို စုပေါင်းကောက်ယူခြင်းများဆောင်ရွက်ပြီး သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျစွန့်ပစ်ကြသည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ပွဲတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးများနှင့်ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်ကြကြောင်း မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

ကာရံ(ကျေးလက်)

# ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး



ရေနံချောင်း အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးပင်ရိုးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းနှင့်ဝန်ထမ်းများက ဇီးပင်ရိုးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဇီးပင်ရိုးကျေးရွာ၌ အရှည် ၁၀၀၅ ပေ၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းနှစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၀ ဒသမ ၆၅ သိန်း စုစုပေါင်းငွေကျပ် ၁၇၀ ဒသမ ၆၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

နော်လူး

# ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ ၃၃၃၄၂ ဧကစိုက်ပျိုးနိုင်ခဲ့

ယင်းမာပင် အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၃၃၄၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ယင်းမာပင်ခရိုင်၌ မြေပဲဧက ၃၃၃၂၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ရာ ယင်းမာပင်မြို့နယ်၌ ၃၁၀၅ ဧက၊ ကနီမြို့နယ်၌ ၂၉၃၈၁ ဧက၊ ဆားလင်းကြီးမြို့နယ်၌ ၇၈၈ ဧကနှင့် ပုလဲမြို့နယ်၌ ၆၈ ဧက စုစုပေါင်း ၃၃၃၄၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ယင်းမာပင်ခရိုင်မှာ မြေပဲသီးနှံ ၃၃၃၂၉ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၃၃၃၄၂ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားချက်ဧကထက်ပိုစိုက်ပျိုးနိုင်ခဲ့တယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းကပြောသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# နှလုံးရောဂါဖြစ်နိုင်ခြေများ

လူတစ်ယောက်ရဲ့ နှလုံးကျန်းမာရေးက ၎င်းတို့နေထိုင်ရာပတ်ဝန်းကျင်ရဲ့ ဆူညံသံတွေကလွှမ်းမိုးမှုရှိနိုင်တယ်လို့ လေ့လာမှုတစ်ခုက ဆိုထားပါတယ်။ ပြင်သစ်နိုင်ငံ ဘာဂန်ဒီတက္ကသိုလ်ရဲ့ လေ့လာမှုအရ အသက် ၅၀ ရှိတဲ့သူတွေအနေနဲ့ ၎င်းတို့နေထိုင်ရာ အနီးအနားပတ်ဝန်းကျင်မှာ အမြဲလိုလိုကျယ်လောင်တဲ့ဆူညံသံတွေကြားနေရမယ်ဆိုရင် နှလုံးထိခိုက်မှုဖြစ်နိုင်ခြေပိုများတယ်လို့ဆိုပါတယ်။ ဒ့ါပြင် နှလုံးထိခိုက်မှုခံစားခဲ့ဖူးတဲ့သူတွေအနေနဲ့လည်း ဆူညံတဲ့ရပ်ကွက်တွေမှာဆိုရင် ရောဂါလက္ခဏာတွေ ပိုမိုဆိုးရွားနိုင်တယ်လို့ သုတေသီကဆိုထားပါတယ်။

ဆူညံသံတွေက နှလုံးရောဂါဖြစ်နိုင်ခြေနဲ့နှလုံးရောဂါရှိသူတွေအတွက် ပိုမိုဆိုးရွားတဲ့သက်ရောက်မှုတွေရှိလာစေနိုင်တယ်ဆိုတဲ့အချက်ကို အဓိကလေ့လာမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဘာဂန်ဒီတက္ကသိုလ်မှ သုတေသီမာရီယန်းဇယ်လာကဆိုပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေ၊ ဟွန်းတီးသံတွေ၊ လူအုပ်လိုက်ရှိနေလို့ ထွက်လာတဲ့ဆူညံတဲ့အသံတွေကြောင့် မြို့ပြနေထိုင်သူတွေကြားမှာ နှလုံးရောဂါဖြစ်နိုင်ခြေနဲ့နှလုံးရောဂါရှိသူတွေမှာ ဖိအားသက်ရောက်မှု ပိုပြီးရှိနိုင်တယ်လို့ဆိုထားပါတယ်။

ပြင်သစ်နိုင်ငံက နှလုံးထိခိုက်မှုကနေကျော်လွန်ခဲ့သူ ၈၆၄ ဦးရဲ့ နှလုံးကျန်းမာရေးအခြေအနေတွေကို ၂၈ ရက်ကြာစောင့်ကြည့်ပြီး ဆူညံသံတွေ၊ လေထုညစ်ညမ်းမှုနဲ့ ဆင်းရဲမှုအတိုင်းအတာတို့ဆိုပြီး ခေါင်းစဉ်တွေခွဲထုတ်ပြီး နှလုံးရောဂါဖြစ်နိုင်ခြေအပေါ်သက်ရောက်မှုတွေကို လေ့လာခဲ့ကြပါတယ်။ နှလုံးထိခိုက်မှုကနေ ပြန်လည်သက်သာဖို့ကြိုးပမ်းနေတဲ့သူတွေအတွက် ဆူညံသံကင်းဝေးတဲ့ဆိတ်ငြိမ်တဲ့ပတ်ဝန်းကျင်မျိုးမှာ ကုသမှုခံယူနိုင်ဖို့ ထည့်သွင်းစဉ်းစားပေးခြင်းက ပြန်လည်သက်သာဖို့ မြန်ဆန်စေနိုင်ပါတယ်။

အသက် ၂၀ ကျော်အရွယ်မှာ Screen ကြည့်ရှုချိန်များရင် နှလုံးရောဂါဖြစ်နိုင်ခြေပိုများနိုင်ပါတယ်။ အသက် ၂၀ ကျော်အရွယ်မှာ ဖုန်း၊ ကွန်ပျူတာ၊ တီဗွီတို့ကိုကြည့်ရှုရင်း အချိန်ကုန်ဆုံးမှုများပြားခဲ့သူတွေအနေနဲ့ အသက်ကြီးလာချိန်မှာ နှလုံးရောဂါဖြစ်နိုင်ခြေများနိုင်ပါတယ်။

အသက် ၂၀ အစောပိုင်းအရွယ်ကတည်းက တီဗွီ၊ ကွန်ပျူတာနဲ့ မိုဘိုင်းလ်ဖုန်းမျက်နှာပြင်တွေကြည့်ရှုချိန်များသူ ၄၀၀၀ ကျော်ကို နှစ်ပေါင်း ၃၀ ကျော်ကြာလေ့လာမှုအရ လူငယ်တွေမှာ ကြည့်ရှုချိန်ပမာဏများလေ အရွယ်နှောင်းပိုင်းအချိန်တွေမှာ ပြင်းထန်တဲ့နှလုံးရောဂါဖြစ်နိုင်ခြေ သိသိသာသာရှိလာနိုင်တယ်လို့ လေ့လာမှုဦးဆောင်သူ ဒေါက်တာဂျေဆင်နာဂါကာကပြောပါတယ်။ Screen ကြည့်ရှုချိန်များတာကြောင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အရေးပါတဲ့အိပ်စက်မှုနဲ့ခန္ဓာကိုယ်လှုပ်ရှားဆောင်ရွက်မှုတွေ လိုသလောက်လုပ်ဆောင်ဖို့ပျက်ကွက်လာနိုင်ပါတယ်။ ငယ်ရွယ်စဉ်ကတည်းက Screen ကြည့်ရှုချိန် မလွန်ကဲစေဖို့

**"နှလုံးရောဂါလို့ခြုံပြီးပြောကြပေမယ့် နှလုံးနဲ့သက်ဆိုင်တဲ့ရောဂါတွေက အမျိုးအစားအမျိုးမျိုးရှိပါတယ်။ ဒါတွေကိုစုစည်းပြီး နှလုံးဆိုင်ရာပြဿနာများလို့ခေါ်ပါတယ်။ နှလုံးရောဂါခေါင်းစဉ်အောက်မှာ အောက်ပါရောဂါအသီးသီးရှိကြပါတယ်။ မွေးရာပါနှလုံးရောဂါ၊ နှလုံးကြွက်သားဆိုင်ရာရောဂါ၊ နှလုံးစည်းချက်မမှန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ နှလုံးအဆို့ရှင်ဆိုင်ရာရောဂါ၊ နှလုံးမခုန်တဲ့ရောဂါ၊ နှလုံးပိုးဝင်ခြင်း၊ လေသင်တုန်းဖြတ်ခြင်းတို့ဖြစ်ကြပါတယ် . . ."**

သတိပြုဆင်ခြင်နိုင်ခြင်းက အသက်အရွယ်ရလာချိန်မှာ နှလုံးရောဂါဖြစ်နိုင်ခြေကို ကာကွယ်နိုင်မှာဖြစ်သလို နှလုံးရောဂါနဲ့ဆက်စပ်တဲ့ လေဖြတ်နိုင်ခြေကိုလည်း တားဆီးနိုင်မယ်လို့ လေ့လာမှုက အကြံပြုထားပါတယ်။

ရှုံးပိတ်ရက်မှာ အိပ်စက်အနားယူတာက နှလုံးကျန်းမာရေးကိုအကျိုးပြုနိုင်ပါတယ်။ အလုပ်လုပ်ရတဲ့ တစ်ပတ်လုံးမှာ စောစောထခဲ့ရသမျှ ရုံးပိတ်ရက်တွေမှာ အိပ်စက်အနားယူတာက နှလုံးကျန်းမာရေးကိုအကျိုးပြုစေနိုင်ပါတယ်။ အစားထိုးအိပ်စက်တာလုံလောက်တဲ့အခါမှာ နှလုံးရောဂါဖြစ်နိုင်ခြေလျော့ကျတာနဲ့ဆက်စပ်မှုရှိနိုင်တယ်လို့ ဘေဂျင်းဖူးဝေးဆေးရုံမှ နှလုံးရောဂါသုတေသီ ယန်ကျွင့်ဆုန်ကပြောကြားခဲ့ပါတယ်။ အဲဒီလေ့လာမှုအတွက် ဗြိတိန်ဘိုင်အိုဘဏ်မှ သုတေသနပရောဂျက်တစ်ခုက လူပေါင်း ၉၁၀၀၀ ရဲ့အချက်အလက်တွေရယူပြီး စိစစ်လေ့လာမှုပြုလုပ်ခဲ့တာလို့ဆိုပါတယ်။ အဲဒီလေ့လာမှုမှာ ပူးပေါင်းသူတွေကို အိပ်စက်မှုစောင့်ကြည့်တဲ့ လက်ပတ်ကိရိယာပတ်ကာအိပ်စက်စေခဲ့ပြီး အိပ်စက်မှုနဲ့နှလုံးကျန်းမာရေးတို့ကို ခြေရာခံစောင့်ကြည့်ခဲ့ကြတာဖြစ်ပါတယ်။ ပါဝင်သူ ၂၂ ရာခိုင်နှုန်းက တစ်ညအိပ်စက်ချိန် ခုနစ်နာရီအောက် လျော့နည်းခဲ့ကြတယ်လို့ဆိုပါတယ်။ ရုံးတက်ရက်တွေ အိပ်ချိန်နည်းပါးခဲ့သမျှ ရုံးပိတ်ရက်တွေမှာ အချိန်ပိုတိုးပြီး အိပ်စက်မှုကိုပါခြေရာခံလေ့လာခဲ့ကြပါတယ်။ ပျမ်းမျှ ၁၄ နှစ်ခန့်ကြာပြီးနောက် ရုံးပိတ်ရက်မှာ အတိုးချအိပ်စက်တဲ့အကျင့်ရှိသူတွေရဲ့ကျန်းမာရေးကိုလေ့လာတဲ့အခါ ၎င်းတို့မှာ နှလုံးရောဂါဖြစ်နိုင်ခြေ ၁၉ ရာခိုင်နှုန်းအောက်သာရှိတာတွေ့ရှိခဲ့ကြပါတယ်။

နှလုံးရောဂါက အဖြစ်များတဲ့ကျန်းမာရေးပြဿနာတစ်ခုဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်စစ်တမ်းအရ လူတစ်သိန်းမှာ ၂၁၉ ဒသမ ၄ ဦး အသက်ဆုံးပါးစေတဲ့ရောဂါတစ်မျိုးဖြစ်ပြီး သေဆုံးမှုနှုန်းမြင့်မားတဲ့ရောဂါထဲမှာ နံပါတ်တစ်ရောဂါဖြစ်ပါတယ်။

နှလုံးရောဂါဆိုတာ နှလုံးနဲ့သက်ဆိုင်တဲ့ရောဂါအမြောက်အမြားကို စုဝေးခေါ်ဆိုတာဖြစ်ပါတယ်။ နှလုံးရောဂါက အမျိုးအစားအမျိုးမျိုးရှိသလို ကျား၊ မ မရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ခြေမြင့်မားတဲ့ရောဂါဖြစ်ပါတယ်။

နှလုံးရောဂါရဲ့လက္ခဏာတွေက အချိန်အတန်ကြာမှသိသိသာသာပြလာပြီး ကနဦးအခြေအနေတွေမှာ တိတ်တိတ်လေးတွယ်ငြိနေပါတယ်။ ဒါကြောင့်လည်း ပိုပြီးသတိထားဖို့လိုအပ်တယ်လို့ ကျန်းမာရေးပညာရှင်တွေက သတိပေးထားတာဖြစ်ပါတယ်။

နှလုံးရောဂါလို့ခြုံပြီး ပြောကြပေမယ့် နှလုံးနဲ့သက်ဆိုင်တဲ့ရောဂါတွေက အမျိုးအစားအမျိုးမျိုးရှိပါတယ်။ ဒါတွေကိုစုစည်းပြီး နှလုံးဆိုင်ရာပြဿနာများလို့ခေါ်ပါတယ်။ နှလုံးရောဂါခေါင်းစဉ်အောက်မှာ အောက်ပါရောဂါအသီးသီးရှိကြပါတယ်။ မွေးရာပါနှလုံးရောဂါ၊ နှလုံးကြွက်သားဆိုင်ရာရောဂါ၊ နှလုံးစည်းချက်မမှန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ နှလုံးအဆို့ရှင်ဆိုင်ရာရောဂါ၊ နှလုံးမခုန်တဲ့ရောဂါ၊ နှလုံးပိုးဝင်ခြင်း၊ လေသင်တုန်းဖြတ်ခြင်းတို့ဖြစ်ကြပါတယ်။

### မွေးရာပါနှလုံးရောဂါ

- **နှလုံးသွေးခန်းအပေါက်ဖြစ်ခြင်း** နှလုံးသွေးခန်းတွေဆက်တဲ့ကြားက ကြွက်သားက ပိတ်မနေဘဲ အပေါက်ဖြစ်နေတယ်။
- **နှလုံးသွေးစီးဝင်တဲ့ အပေါက်ပိတ်ခြင်း** နှလုံးထဲသွေးစီးဝင်တဲ့အပေါက်ပိတ်နေခြင်းဖြစ်ပါတယ်။
- **တစ်ကိုယ်လုံးပြာတဲ့နှလုံးရောဂါ** နှလုံးသွေးညှစ်အားမကောင်းလို့ တစ်ကိုယ်လုံးကို အောက်ဆီဂျင်အပြည့်အဝမရောက်ရှိတော့ဘဲ တစ်ကိုယ်လုံးပြာလာတဲ့ရောဂါတွေက မွေးရာပါနှလုံးရောဂါပဲဖြစ်ပါတယ်။

### နှလုံးကြွက်သားဆိုင်ရာရောဂါ

- နှလုံးကြွက်သားတောင့်ခြင်း၊ နှလုံးကြွက်သားထူခြင်း၊ ကြီးခြင်း၊ နှလုံးကြွက်သားရှုံ့တွခြင်းတို့က အများဆုံးဖြစ်တတ်တဲ့ နှလုံးကြွက်သားဆိုင်ရာပြဿနာတွေဖြစ်ပါတယ်။

### နှလုံးသွေးကြောဆိုင်ရာရောဂါလက္ခဏာများ

- နှလုံးကြွက်သားပုပ်ခြင်း၊ ရုတ်တရက်ရင်ဘတ်အောင့်ခြင်း၊ နှလုံးကြွက်သားသွေးမလျှောက်ခြင်း၊ နှလုံးစည်းချက်မမှန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ နှလုံးခုန်နှေးခြင်း၊ နှလုံးထဲပိုးဝင်ခြင်း၊ နှလုံးအလွှာပါးရောင်ခြင်း၊ နှလုံးနဲ့အလွှာကြား အရည်စုခြင်းတို့ဖြစ်ပါတယ်။

### နှလုံးရောဂါရဲ့ထူးခြားချက်များ

နှလုံးရောဂါရဲ့ထူးခြားချက်က အမျိုးအစားစုံလင်သလို ရောဂါလက္ခဏာကွဲပါတယ်။ နှလုံးရောဂါလက္ခဏာတွေက တစ်ခုနဲ့တစ်ခု သိသိသာသာကွဲလွဲနေတာကများပါတယ်။ ရောဂါအလိုက်လက္ခဏာကွဲပါတယ်။

### နှလုံးစည်းချက်မမှန်ရောဂါ

နှလုံးစည်းချက်မမှန်ခြင်းက စည်းချက်မြန်တာ၊ နှေးတာပေါ်မူတည်ပြီး အနည်းငယ်ကွဲပြားပေမယ့် အဓိကလက္ခဏာတွေရှိပါတယ်။ အင်အားချည့်နဲ့ပြီးပျော့ခွေလာတာ၊ နှလုံးခုန်နှေးလာတာ သို့မဟုတ် မြန်လွန်းတာ၊ သွေးခုန်နှုန်းနှေးတာ၊ မကြာခဏမူးဝေတတ်တာ၊ ခေါင်းမူးတာ၊ ရုတ်တရက်ရင်ဘတ်အောင့်တာတို့ ပါဝင်ပါတယ်။

### နှလုံးသွေးကြောကျဉ်းရောဂါ

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်တဲ့အခါ ခြေဖျားလက်ဖျားဆီ သွေးလျှောက်တာ နည်းသွားပါတယ်။ အသက်ရှူရခက်တာ၊ ရင်ဘတ်အောင့်တာ၊ ခြေတွေလက်တွေအေးပြီး ခြေတွေကထုံကျဉ်လာတာ၊ အကြောင်းမည်မည်ရရမရှိဘဲ နာကျင်ကိုက်ခဲတာ၊ ခြေထောက်နဲ့လက် အားယုတ်လျော့တာတွေဖြစ်ပါတယ်။

### မွေးရာပါနှလုံးရောဂါလက္ခဏာများ

မွေးရာပါနှလုံးရောဂါ လက္ခဏာတွေကတော့ မွေးကင်းစအချိန်မှာရော အရွယ်ရောက်ချိန်မှာပါ ပြသတတ်ပါတယ်။ တချို့ရောဂါအခြေအနေတွေက ရှာဖွေဖော်ထုတ်ဖို့ခက်တယ်။ အရေပြားပြာနှမ်းတာ၊ ခြေဖျားလက်ဖျားရောင်ရမ်းတာ၊ အသက်ရှူရခက်တာ၊ အသက်ရှူကျပ်တာ၊ မောပန်းနွမ်းနယ်ပြီး အားအင်ကုန်ခန်းတာဖြစ်နိုင်ပါတယ်။

### နှလုံးသွေးကြောဆိုင်ရာရောဂါ

နှလုံးသွေးကြောဆိုင်ရာရောဂါက နှလုံးနဲ့အဆုတ်ထဲကို အောက်ဆီဂျင်ပြည့်ဝတဲ့သွေး စီးဆင်းမှုအားနည်းတာကြောင့်ဖြစ်ပါတယ်။ ရင်ဘတ်အောင့်တာ၊ ရင်ဘတ်သက်သောင့်သက်သာမရှိတာ၊ ရင်ဘတ်မှာဖိအားများသလို၊ အညှစ်ခံထားရသလို ခံစားရတာ၊ အသက်ရှူရခက်တာ၊ မအီမသာဖြစ်ပြီး ပျို့ချင်တာ၊ အစာမကြေတာတွေ ခံစားရနိုင်ပါတယ်။

ဒေါက်တာလွင်သန့်

## ကလောမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

ကလော အောက်တိုဘာ ၂၂

ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်တင်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာလ ၂၁ ရက်က နန်းသဲကျေးရွာရှိ အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ နန်းသဲကျေးရွာရှိ အမှတ် (၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်နွယ်က အဖွင့်အမှာစကားပြောကြားပြီး ကလောမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးကြွယ်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိစေရေး အားလပ်သောအချိန်များတွင် စာအုပ်၊ စာစောင်များဖတ်၍ အချိန်ကို အကျိုးရှိရှိအသုံးချတတ်စေရန်နှင့် စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်းနှင့် လူငယ်ရေးရာအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရေးအတွက် သုတ၊ ရသစာအုပ်များကို ဖတ်ရှုစေရာ ဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း ကျောင်းသား၊ ကျောင်းသူများက စိတ်ပါ သိရသည်။



ချမ်းမြေ့

# ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးလုပ်ငန်းများဆောင်ရွက်



**ပွင့်ဖြူ အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အန္တရာယ်လျော့နည်းစေရေးအတွက် ဈေးရောင်း ဈေးဝယ်ပြည်သူများ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးခြင်းကို အောက်တိုဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်ဈေးကော်မတီဝင်များ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေးအတွင်း/အပြင်ရှိ ဈေးရောင်းဈေးဝယ်ပြည်သူများကိုတွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ကြွပ်ကြွပ်အိတ်များကို သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ်ကြွပ်ကြွပ်အိတ် အစားငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ တစ်ပါတည်း ယူဆောင်လာရန်၊ အစားအစာဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား/ငါး၊ အသီးအရွက်နှင့် စားသောက်ကုန်ပစ္စည်းများကို စနစ်တကျရောင်းချသွားရန်၊ ဈေးရောင်းပြီးချိန်တိုင်း ဈေးဆိုင်ခန်းဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မဈေးရှိ ဈေးရောင်းဈေးဝယ်ပြည်သူများကို သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခြင်း၊ ပလတ်စတစ်ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ဈေးရောင်း/ဈေးဝယ်ရာတွင် အသုံးပြုရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကို အခမဲ့လိုက်လံဖြန့်ဝေပေးကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## VRFP စီမံကိန်း ရန်ပုံငွေထုတ်ချေး

**မိုးနဲ အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက်လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ဟဲကေကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ ပထမအကြိမ်ထုတ်ချေးပေးခြင်း အခမ်းအနားကို အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ မတည်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များက ဟဲကေကျေးရွာရှိ အသင်းသား/အသင်းသူ ၁၈ ဦးကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၄၀၉၈ ဧက စိုက်ပျိုးနိုင်ခဲ့

**ကျွန်းလှ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၄၀၉၈ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ကျွန်းလှမြို့နယ်တွင်မိုးစပါးသီးနှံ ၃၄၀၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှစတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးကြရာ ၃၄၀၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ ဆောင်ရွက်ပေးတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးတယ်" ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်ရီကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)



## တိုင်းကျိုးပြည်ပြု ယဉ်ကျေးမှု

❋ မြန်မာ့ဂီတ၊ မြတ်နိုးကြ၍
နှုတ်မှသီကျူး၊ စိတ်ကြည်နူးခဲ့
ယစ်မူးသိမ့်သိမ့်၊ တငြိမ့်ငြိမ့်နှင့်
စိမ့်ဝင်အမြဲ၊ သွေးသားထဲမှာ
ဝဲလည်ပျံ့နှံ့၊ စိတ်နူးညံ့စွ
ရှင်းသန့်ဘဝင်၊ ကြည်လင်မြင်တွေး
ရွှေရင်အေးသည့် ဆေးပမာ။

❋ မြန်မာ့အက၊ လှပငြိမ့်ညောင်း
နုသွဲ့ပျောင်း၍၊ ခေါင်းခါးခြေလက်
စည်းဝါးချက်ညီ၊ သွက်လက်ပီပြင်
နဂိုယဉ်ကျေး၊ ရှုမြင်ငေးမော
တေးသံနှောလျှင်၊ စီးမြောအထူး
စိတ်ကြည်နူးစရာ မြူးဝင့်လာ။

❋ ဂီတရသ၊ မပျက်ရအောင်
ကြည်မြတေးချင်း၊ စာမယွင်းသင့်
သံညင်းသံပျော့၊ မပေါ့လျော့သင့်
တေးနှော့အသံ၊ မြန်မာဟန်နှင့်
မှန်ကန်ကျနု၊ ရေးစပ်ကြ၍
လှပခံ့ညား၊ တေးစာသားကို
ထင်ရှားကျန်ရစ်၊ အမွေနှစ်သို့
ထုဆစ်သီအပ် ဖွဲ့စပ်ရာ။

❋ ခေတ်နှင့်အညီ၊ တီးခတ်စီမံ
ဂီတသံမြူး၊ စိတ်ကြည်နူးလည်း
အထူးလေးစား၊ တန်ဖိုးထားသည့်
စည်းဝါးနရီ၊ တိကျညီပြီး
ကြည်လင်တီးကွက်၊ စောင်းသံစွက်၍
နှစ်သက်ခဲ့ရ၊ သိမ်မွေ့လှသည့်
မြန်မာ့ဆိုင်းဝိုင်း၊ တီးခတ်တိုင်းလည်း
ရင်လှိုင်းသိမ့်လူး၊ စိတ်ကြည်နူးလာ
တစ်ဦးမက မြောက်မြားစွာ။

❋ တိုင်းကျိုးပြည်ပြု ယဉ်ကျေးမှုဟု
အနုပညာ၊ ခက်မဖြာသည့်
ရိုးရာအမွေ၊ အစွန့်ရှည်ရန်
မသွေမယွင်း၊ ထိန်းသိမ်းခြင်းဖြင့်
ဖြည့်တင်းပေးကြ၊ သုခမ၏
ကကြိုးကကွက်၊ မှုမပျက်ဘဲ
နုညက်စာသား၊ ချိုတေးသွားနှင့်...
စည်းဝါးမှန်ကန်၊ မြန်မာ့ဟန်နှင့်...
ထံတျာပွင့်ဖူး၊ တေးလွင့်မြူးအောင်
ဦးဆောင်မြှင့်တင်၊ ပြည်ကျိုးယှဉ်၍
ထင်သည့်သမိုင်း၊ ညွှန်ပြတိုင်းတွင်
အနှိုင်းမဲ့စွာ မင်္ဂလာရှိ
ဇာတိဂုဏ်မြင့် ဝင့်မည်သာ။ ။

**အင်ကြင်းမေ**

# ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၁၅၄၂၅ ဧကစိုက်ပျိုးပြီးစီး



ကျုံပျော် အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၁၅၄၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း ၏ပြောကြားချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးစပါး ၁၁၅၄၂၅ ဧကကို ဇွန်လပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါး ၁၁၅၄၂၅ ဧက စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ဒေသခံတောင်သူများ ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၁၁၅၄၂၅ ဧကစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ မိုးစပါးလျာထားဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ ရွှေခရုကြောင့် ပျက်စီးဆုံးရှုံးတာမရှိစေဖို့ ရွှေခရုကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်ပြီး စိုက်ပျိုးခဲ့ပါတယ်။ ဒေသခံတွေကို ရွှေခရုတွေကို ဘယ်လိုကာကွယ်ရမယ်ဆိုတာ လက်တွေ့သရုပ်ပြ အသိပညာပေးတာတွေ ပြုလုပ်ပေးတာရှိသလို လက်ကမ်းစာစောင်တွေလည်း ဖြန့်ဝေပေးပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ လိုအပ်တဲ့နည်းပညာနဲ့တခြားပံ့ပိုးမှုတွေကို စပါးမစိုက်ပျိုးမီကတည်းက စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမိုးစပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်"ဟု ဦးဆန်းဝင်းကပြောသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ စပါးအထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းစပါးများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက လယ်မြေစိုက်ခင်းများအထိကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပညာပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သုတကျော်**

# ကျောက်ဆည်မြို့နယ်၌ မြို့နယ်အဆင့်အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲများကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာစကား ဝေါဟာရကြွယ်ဝရေးနှင့် စကားပြောရာတွင် ကျွမ်းကျင်မှုစွမ်းရည်များမြင့်မားရေး၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတွေးခေါ်တတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ထိုးထွင်းသိမြင်နိုင်မှုစွမ်းရည်များမြှင့်တင်ရေး၊ ပြဿနာများဖြေရှင်းခြင်းနည်းလမ်းများကို ရှာဖွေဖန်တီးနိုင်ရေးအတွက် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲများကို အောက်တိုဘာလ ၂၂ ရက်တွင် ကျောက်ဆည်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဘာသာရပ်စွမ်းရည်ပြိုင်ပွဲများ၌ အင်္ဂလိပ်စာဘာသာရပ်တွင် Grade-5 မှ ကျောင်းသား၊ ကျောင်းသူ ၅၉ ဦး၊ Grade-6 မှ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦး၊ Grade-7 မှ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦး၊ Grade-8 မှ ကျောင်းသား၊ ကျောင်းသူ ၃၂ ဦး၊ Grade-9 မှ ကျောင်းသား၊ ကျောင်းသူ ၃၉ ဦး၊ သင်္ချာဘာသာရပ်တွင်Grade-5 မှ ကျောင်းသား၊ ကျောင်းသူ ၆၃ ဦး၊ Grade-6မှကျောင်းသား၊ ကျောင်းသူ ၄၀ ဦး၊ Grade-7မှကျောင်းသား၊ ကျောင်းသူ၃၉ ဦး၊ Grade-8မှကျောင်းသား၊ ကျောင်းသူ၃၁ ဦး၊ Grade-9မှကျောင်းသား၊ ကျောင်းသူ ၃၉ ဦး ဖြေဆိုကြကြောင်းနှင့် အတန်းစဉ် ဘာသာရပ်များအလိုက် ထူးချွန်သူများအား ရွေးချယ်ပြီး ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း ၁၃၀ ၊ မူလတန်းလွန်ကျောင်း ၂၅ ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ကိုးကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ကိုးကျောင်း၊ အထက်တန်းကျောင်း ၁၁ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၈ ကျောင်း ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာပေမှဗဟုသုတများစွာရရှိစေရန်၊ စာအုပ်စာပေများကို လက်ဝယ်အရောက် အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်နှင့် စာပေကို ပိုမိုမြတ်နိုးတန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ ဗဟုသုတရရှိစေမည့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများလက်ဝယ်အရောက် ငှားရမ်းပေးခြင်း၊ စာဖတ်ခြင်းအကျိုး အသိပညာပေးဟောပြောခြင်း၊ အမျိုးသမီးများအကြမ်းဖက်မှုနှင့် မှုခင်းကာကွယ်ရေးအတွက်အသိပညာပေးခြင်း၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးခြင်း၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင် ပြသခြင်းတို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အောက်တိုဘာလ ၂၂ ရက်တွင် သာကေတမြို့နယ် အမှတ်(၄၄) အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မို့မို့သူက စာဖတ်ခြင်း အကျိုးကျေးဇူးအကြောင်း အသိပညာပေးဟောပြောခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား စာအုပ်၊ စာပေများဖတ်ရှုစေခြင်း၊ ဖတ်ရှုပြီးသည်များကို ပြန်လည်မေးမြန်းခြင်း၊ အမျိုးသမီးများ အကြမ်းဖက်မှုနှင့် မှုခင်းကာကွယ်ရေး အတွက် အသိပညာပေးခြင်း၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးခြင်းများ ဆောင်ရွက်ပြီးနောက် ကျောင်းသား၊ ကျောင်းသူများက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ယင်းသို့ အသိပညာပေးခြင်းကို သာကေတမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများသို့ အလှည့်ကျသွားရောက်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မို့မို့သူ(ပြန်/ဆက်)**

# RBF စီမံကိန်းဖြင့် ဒေသန္တရနှင့်ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

မင်းလှ အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ပေတောကန္တာကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် ဒေသန္တရနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အောက်တိုဘာလ ၂၂ ရက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် တာဝန်ရှိသူများသည် သဖန်းချောင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ရွှေကံ့ကော်၊ မြတ်လေး၊ ရွှေနှင်းဆီ၊ ပန်းစံပယ်၊ အောင်သပြေအဖွဲ့တို့မှ ဒေသန္တရနှင့်ဆိတ်များ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူးက RBF အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သဖန်းချောင်းကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် ဒေသန္တရနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေ ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ RBF စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

# သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ထိရောက်မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူမျိုးပေါင်းစုံ/ ဘာသာပေါင်းစုံကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားဆိုင်ရာ မည်သည့်ကတ်ပြားမျှ ရရှိကိုင်ဆောင်ထားခြင်းမရှိသူများအနေဖြင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏သက်သေခံကတ်ပြား(NV Card)ကို ကိုင်ဆောင်ကြရန်နှင့် နိုင်ငံသားဖြစ်မှုအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်လျှောက်ထားကြရန် လိုအပ်ကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းလုပ်ငန်းများသည် အထွေထွေရွေးကောက်ပွဲကျင်းပရာ၌ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်စွာ ပြုစုနိုင်ရေးတို့အတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုအခါ e-ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လူတစ်ဦးချင်းစီ၏ Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လူမျိုးပေါင်းစုံ/ ဘာသာပေါင်းစုံကိုယ်စားလှယ်များက သက်ဆိုင်ရာအဖွဲ့ဝင်မိသားစုဝင်များအတွက် နိုင်ငံသားဆိုင်ရာကိုင်ဆောင်ကတ်ပြားရရှိရေးအတွက် တင်ပြလျှောက်ထားမှုများ၊ ကိုယ်ရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ တင်ပြရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ဖြေလျှော့ပေးနိုင်ရေး၊ ယာယီနေရပ်စွန့်ခွာနေကြသည့် ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားများ စိစစ်ထုတ်ပေးဆောင်ရွက်နိုင်ရေး၊ သန်းခေါင်စာရင်းကောက်ယူရေးနှင့် Unique ID နံပါတ်ရရှိရန် အသိပေးဆောင်ရွက်သွားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်ရေးနှင့် ကြန့်ကြာမှုမရှိစေရေးဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအဆင်ပြေမြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)


# လာအိုနိုင်ငံဝန်ကြီးချုပ်အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် သွားရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Sonexay Siphandoneအား ယနေ့နံနက်ပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံစဉ်နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနများအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်တို့အား လက်မှတ်ရေးထိုး၍ နှစ်နိုင်ငံ ကတိကဝတ်တို့ဖြင့် ပုံမှန်အလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်း ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ နယ်စပ်ဖြတ်ကျော်အလုပ်သမားများ၏အထောက်အထားထုတ်ပေးနိုင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်းအလုပ်သမားရေးရာနှင့်ပတ်သက်သည့်စိန်ခေါ်မှုများကို အလေးထားပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား လုပ်သားရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်၍ ရေရှည်တည်တံ့ခိုင်မြဲသည့် အထောက်အကူပြုစေမည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗီယင်ကျန်းမြို့ရှိ Alpilao International Sole Limited စက်ရုံသို့ သွားရောက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံပြီး အလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံတွင် မိမိရရှိမည့် လုပ်ခလစာ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့် ချိတ်ဆက်ထားသော နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းသို့မဟုတ် အများဆုံး သုံးလလျှင်တစ်ကြိမ် သုံးလစာ စုစုပေါင်း၏အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ လွှဲပြောင်းပေးပို့ရမည်ဖြစ်ကြောင်း၊ တရားမဝင်နည်းလမ်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့လာသည့်အတွက် အလုပ်သမားများအနေဖြင့် ငွေကြေးလိမ်လည်ခံရမှုများ ကြုံတွေ့ရလျက်ရှိကြောင်း၊ အလုပ်သမားများရရှိမည့် အခြေခံလုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းကို ပြန်လည်လွှဲပြောင်းပေးပို့စေခြင်းသည် နိုင်ငံတော်သို့လွှဲပြောင်းပေးပို့ရခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံတွင်ကျန်ရှိသည့်မိသားစုဝင်များထံသို့သာ တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ခိုင်းခြင်းဖြစ်သည်ကို သိရှိနားလည်စေလိုကြောင်း ရှင်းလင်းပြောကြားပြီး စက်ရုံများမှ မြန်မာအလုပ်သမားများအတွက် သီတင်းကျွတ်အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ ကိုယ်စားလှယ်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၂

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ Mr. Vorozhtsov Alexander Borisovich နှင့် ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University(TSU) တို့အကြား တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ရေး ကိစ္စရပ်များ၊ သုတေသနဖွံ့ဖြိုးတိုးတက်မှုအတွက်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ မြန်မာ-ရုရှား သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာ ဘာသာရပ်များတွင် ပူးပေါင်းဆောင်ရွက်ပြီး ကျွမ်းကျင်ပညာရှင်များနှင့် လူငယ်သိပ္ပံပညာရှင်များ လာရောက်ခြင်းနှင့် ဘွဲ့ကြိုဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ ပညာတော်သင်ရရှိရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စားရေရိက္ခာဖူလုံဖို့ သစ်တောများကိုထိန်းသိမ်းစို့

သစ်တောမောင်



**စားရေရိက္ခာ**

စားရေရိက္ခာဆိုသည်မှာ သက်ရှိသတ္တဝါများ ရှင်သန်ကြီးထွားနိုင်ရန်အတွက် လိုအပ်သော အာဟာရဖြစ်စေသည့်အရာများကိုဆိုလိုသည်။ လူတို့နေ့စဉ်သွားလာနိုင်ရန်၊ ခန္ဓာကိုယ်ဖွံ့ဖြိုးရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးရန်နှင့် ရောဂါဘယများအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အဓိကလိုအပ်သောစွမ်းအင်ကို အစာအာဟာရမှ ရရှိနိုင်မည်ဖြစ်သည်။ အစားအစာများ၊ စားရေရိက္ခာများသည် လူသားတစ်ဦး၏ လူနေမှုဘဝတွင် အခြေခံအကျဆုံးလိုအပ်ချက်လည်းဖြစ်သည်။

အပင်အမျိုးမျိုးမှ အစေ့အဆန်များ၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ၊ အဆီများနှင့် တိရစ္ဆာန်များမှအသားနှင့်အဆီ စသည့်စားရေရိက္ခာတို့ကိုရရှိသည်။ မြေထု၊ ရေထုတွင် ထွက်ရှိသော သဘာဝပေါက်ပင်နှင့်ရေထွက်ပစ္စည်းများ၊ လူသားများစီမံလုပ်ဆောင်သော လယ်ယာထွက်ကုန်အစုအဝေးများ၊ မွေးမြူရေးအင်အားစုများသည် စားရေရိက္ခာ၏ ထုတ်ကုန်များဖြစ်ကြသည်။ စားရေရိက္ခာသည် လူသားတို့အသက်ရှင်မှုအတွက် စွမ်းအင်ကိုပြည့်ဝစေရန် အဓိကထောက်ပံ့သော ပစ္စည်းများဖြစ်သည်။

စားရေရိက္ခာကို အာဟာရဆက်စပ်မှုအားဖြင့် အခြေခံအုပ်စုကြီး လေးမျိုး ခွဲခြားနိုင်ပါသည်။ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများ၊ ကောက်ပဲသီးနှံများ၊ နို့ထွက်ပစ္စည်းများနှင့် အသားများ ဟူ၍ ဖြစ်ပါသည်။ ကမ္ဘာ့စားရေရိက္ခာအများစုကို စိုက်ပျိုးရေးနှင့်မွေးမြူရေးမှတစ်ဆင့် ရရှိသည်။ ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး၊ နေကြာဆီ၊ ပဲပိစပ်ဆီ၊ ပဲဆီ၊ နှမ်းဆီ စသည့် ဆီအမျိုးမျိုး၊ အသား၊ ငါး၊ နို့၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ အစေ့အဆန်များ၊ အခွံမာသီးများ၊ အမြစ်များ၊ ပဲပင်များ၊ ဥများ၊ အနီရောင်အသားများ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် အရည်ရွှမ်းသော အစားအစာများသည် အရေးကြီးသော စားနပ်ရိက္ခာကုန်ကြမ်းများဖြစ်သည်။

**ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် ပန်းတိုင် ၂** သည် "ဆာလောင်မွတ်သိပ်မှုလုံးဝမရှိရန်" ဖြစ်ပြီး "တော်မွတ်မှုရပ်တန့်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် ပိုမိုကောင်းမွန်သော အာဟာရရရှိရန်နှင့်ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို မြှင့်တင်ရန်" ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် တော်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုပုံစံအားလုံးကို အဆုံးသတ်ရန်ရည်မှန်းထားပြီး လူသားအားလုံး အထူးသဖြင့် ကလေးငယ်များ တစ်နှစ်ပတ်လုံး အာဟာရပြည့်ဝပြီး လုံလောက်သော အစားအစာရရှိကြောင်း သေချာစေရန်ရည်ရွယ်ထားသည့် ရည်မှန်းချက်လည်းဖြစ်သည်။

စားရေရိက္ခာဖူလုံရေးသည် မိသားစုတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာပြောရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် စားရေရိက္ခာဖူလုံရေးအတွက်စိုက်ပျိုးရေး မွေးမြူရေးနှင့်စားရေရိက္ခာအမျိုးမျိုးထုတ်လုပ်ရေး နေ့စဉ်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

**သစ်တောများမှ ပံ့ပိုးပေးသော စားရေရိက္ခာများ**

ယခုအခါတွင် ကမ္ဘာ့နိုင်ငံများတွေ့ကြုံနေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ စိန်ခေါ်မှုများ၊ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရန် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများ (Nature–based solutions) ကို အသုံးပြုရန် အလေးပေးဆောင်ရွက်လာကြသည်။ သစ်တောများနှင့်သစ်တောဂေဟစနစ်သည် ပစ္စုပ္ပန်နှင့်အနာဂတ် စားရေရိက္ခာဖူလုံရေးမြှင့်တင်ရာတွင် အလွန်အရေးကြီးပြီး မရှိမဖြစ်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဥပမာအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry) နည်းစနစ်များသည် စားရေရိက္ခာဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့်သဘာဝကိုအခြေခံသော နည်းလမ်းဖြစ်ပြီး စားရေရိက္ခာဖူလုံခြင်း၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်း စသည့် အကျိုးကျေးဇူးများရနိုင်မည်ဖြစ်သည်။

အခြေခံအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များနှင့် စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲ စသည့် ရာသီသီးနှံပင်များ ရောနှောစိုက်ပျိုးခြင်း၊ ဆေးဖက်ဝင်ပင်များ၊ နွယ်ပင်များအပါအဝင် ရာသီသီးနှံအပင်များ၊ နှစ်ရှည်စားပင်သီးပင်များ စိုက်ပျိုးခြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ငှက်၊ ဘဲ စသည့် အိမ်မွေးတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီသော အဖိုးတန်သစ်တောသစ်ပင်များ၊ ကြီးမြန်ပင်များနှင့် ရောနှောစိုက်ပျိုးမွေးမြူခြင်း၊ ဒီရေတောအပင်များနှင့်အတူ ငါး၊ ပုဇွန်၊ ကဏန်းတို့ ရောနှောမွေးမြူထုတ်လုပ်ခြင်းစသည်ဖြင့် စုစည်းပူးပေါင်းစိုက်ပျိုးမွေးမြူကာ မြေဧရိယာတစ်ခုတည်းမှ ကုန်ထုတ်လုပ်မှုအများဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ သဘာဝအရင်းအမြစ်များကို ရေရှည်အပြည့်အဝ အသုံးချရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်ခြင်းဖြစ်သည်။ ဂေဟစနစ်ကိုတည်ငြိမ်စေပြီး ရာသီဥတုကို ထိန်းညှိပေးနိုင်သည့် သစ်တောသစ်ပင်များနှင့် တွဲဖက်၍ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ခြင်းဖြင့် ကျေးရွာအဆင့်၊ ဒေသအဆင့် ရာသီဥတုမျှတပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်အကျိုးကျေးဇူးများစေနိုင်သည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းအပြင် သဘာဝတောများ ထိန်းသိမ်းခြင်းဖြင့်လည်း စားရေရိက္ခာဖူလုံရေး၊ အစားအစာပေါများစွာရရှိစေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည်။ သစ်တောများနှင့် သစ်တောများပြင်ပပေါက်ရောက်သောသစ်ပင်များ၊ လယ်ယာပတ်ဝန်းကျင်တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်များသည် အထူးသဖြင့် စားရေရိက္ခာအရင်းအမြစ်များမှ ရရှိနိုင်သည့်၊ ရှားပါးသည့်အချိန်တွင် စားရေရိက္ခာအမျိုးမျိုးကို ပံ့ပိုးပေးသည့်အတွက် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာဖူလုံမှုအတွက် သိသာထင်ရှားသော အထောက်အပံ့များဖြစ်စေသည်။ သစ်တောသစ်ပင်များ၏ စားသုံးနိုင်သော အသီး၊ အရွက်၊ အမြစ်၊ အခေါက်၊ အပွင့်၊ အစေ့ စသည့် သစ်တောထွက်ပစ္စည်းများသည် သစ်တောများအတွင်း အလွယ်တကူရနိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတကာ အာဟာရအရည်အသွေး အပြည့်ရှိသော စားရေရိက္ခာများလည်းဖြစ်သည်။

သစ်တောများမှရရှိသော အစားအစာများသည် စားရေရိက္ခာရှားပါးသောကာလများ၊ အရေးပေါ်ကာလများတွင် သစ်တောများမှ ပံ့ပိုးပေးသော အစားအစာများ၊ စားရေရိက္ခာ အရင်းအမြစ်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာသည်။ ဥပမာအားဖြင့် မျှစ်၊ မှိုနှင့် အသီး၊ အရွက်၊ အမြစ်များ၊ အစေ့များအပါအဝင်စားသုံးနိုင်သော သစ်တောထွက်ပစ္စည်းများကို သန့်စင်စေရန် ဆေးကြောခြင်း၊ အခြောက်ခံခြင်းစသည်ဖြင့် ပြုပြင်ပြီးသိမ်းဆည်းထားပါက တစ်နှစ်ပတ်လုံး စားရေရိက္ခာထောက်ပံ့မှုကို ရရှိစေနိုင်သည်။ တောတောင်များတွင် နေထိုင်ကျက်စားသည့် စားသုံးနိုင်သော တောကောင်ငယ်များ (Bushmeat) ၏ အသားနှင့် အစားအစာများ၊ အင်းဆက်များ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ကန်များမှ ငါးနှင့် ရေထွက်ပစ္စည်းများသည် ဗီတာမင်၊ ပရိုတင်း၊ အဆီ၊ သကြားနှင့် သတ္တုဓာတ်များကြွယ်ဝပြီး ရရှိနိုင်မှုအပေါ်မူတည်၍ တစ်နှစ်ပတ်လုံး ရာသီမရွေး စားသုံးနိုင်သည်။

သစ်တောများမှရရှိသောအစားအစာများသည် ပုံမှန်စိုက်ပျိုးမွေးမြူထုတ်လုပ်သော အစားအစာများကဲ့သို့ပင် အာဟာရအရည်အသွေးကောင်းမွန်ပါသည်။ လူသိများသည့် သစ်တောသစ်ပင်များမှ ရရှိသည့် စားသုံးနိုင်သည့် အသီးအရွက်အပွင့်များမှာ တည်ညင်းသီး၊ ချင်းတည်ညင်းသီး၊ ဖန်ခါးသီး၊ ငါးပေါက်သီး၊ တည်သီး၊ ဆီးဖြူသီး၊ ဥသျှစ်သီး၊ သရက်သီး၊ တောသရက်သီး၊ ဆီးသီး၊ ကနစိုးသီး၊ သစ်တိုသီး၊ ဗာဒံစေ့၊ ကြိမ်သီး၊ မိုးသီး၊ သစ်ကြားသီး၊ သီးသီး၊ ကြောင်လျှာသီး၊ မြန်မာကုက္ကိုရွက်၊ တမာရွက်၊ မန်ကျည်းရွက်၊ ဟင်းပြင်းရွက်၊ မဲဇလီပွင့်နှင့် အရွက်၊ လက်ပံပွင့်၊ မလွှပွင့်၊ သခွတ်ပွင့်၊ ဇကရာဇ်ပွင့် စသည်တို့ဖြစ်သည်။

ဒေသအလိုက် သစ်တောများမှရရှိသော အစားအစာများစွာလည်းရှိသည်။

သစ်တောထွက်ပစ္စည်းများနှင့် စားရေရိက္ခာဖူလုံရေးဆက်စပ်မှု၊ သစ်တောများနှင့် လယ်ယာသစ်ပင်များ၏ အာဟာရပံ့ပိုးမှုသည် အရေးပါလာလျက်ရှိရာ သစ်တောအတွင်း နေထိုင်သူများနှင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်အခြေချသူများ သာမက ကျေးလက်ဒေသနေပြည်သူများ၊ ဒေသခံပြည်သူများအတွက်မတူကွဲပြားသော အစားအစာများနှင့် အာဟာရအရည်အသွေးကို သိသာစွာ ဖြည့်စွက်ပေးပြီး စားရေရိက္ခာဖူလုံရေးအတွက် ပံ့ပိုးပေးလျက်ရှိသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သော ကျေးလက်ပြည်သူများအနေဖြင့် မိမိကိုယ်ပိုင် လယ်၊ ယာများတွင်ဖြစ်စေ၊ မိမိနေအိမ်ခြံဝင်းများတွင်ဖြစ်စေ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်း၊ မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များ၊ စားပင်သီးပင်များကို ထည့်သွင်းပေါင်းစပ်စိုက်ပျိုးခြင်းဖြင့် မိမိရပ်ရွာဒေသတွင် ရာသီဥတုကောင်းမွန်မျှတပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်သည်။ စားနပ်ရိက္ခာဖူလုံပြီး လူမှုစီးပွားဖွံ့ဖြိုးနိုင်မည်ဖြစ်သည်။

**စားရေရိက္ခာဖူလုံဖို့ သစ်တောများနှင့် ဂေဟစနစ်များ ထိန်းသိမ်းစို့**

**ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် ၁၅** တွင် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ထိန်းသိမ်းကာကွယ်ပြီး စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေး၊ သစ်တောများ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ရေးနှင့် သဲကန္တာရဖြစ်ထွန်းမှု ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းမှုရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများလျော့နည်းကျဆင်းမှု ရပ်တန့်စေရေးဟူ၍ ရည်မှန်းချက်ပန်းတိုင်အဖြစ် ထည့်သွင်းထားသည်ကိုလည်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခု စားရေရိက္ခာဖူလုံစွာ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝအခြေခံအရင်းအနှီးများဖြစ်သည့် မြေသယံဇာတ၊ ရေအရင်းအမြစ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်၊ ပင်လယ်ကမ်းရိုးတန်းတို့သည် အရေးကြီးသောသဘာဝအခြေခံအရင်းအမြစ်များဖြစ်သည်။ ကျန်းမာကြံ့ခိုင်သော၊ သဟဇာတမျှတသော ဂေဟစနစ်များသည် ဂေဟစနစ်ဝန်ဆောင်မှု အကျိုးကျေးဇူးများစွာကို ထောက်ပံ့နိုင်ပြီး နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများကို အောင်မြင်ရန် ပံ့ပိုးနိုင်သည်။

အဓိကအားဖြင့် အပင်များနှင့် တိရစ္ဆာန်များအတွက် နေရင်းဒေသများ ထောက်ပံ့ပေးခြင်း၊ အမျိုးမျိုးသော အစာကွင်းဆက်နှင့် အစာကွန်ရက်များကို ဖြစ်ထွန်းမြှင့်တင်ပေးခြင်း၊ မရှိမဖြစ်အရေးပါသည့် ဂေဟစနစ်ဖြစ်စဉ်များကို ထိန်းညှိခြင်းနှင့်သက်ရှိများ ဆက်လက်ရှင်သန်ရေးကို ပံ့ပိုးကူညီခြင်း၊ သက်ရှိနှင့် သက်မဲ့များအကြား ဆက်စပ်နေသော အာဟာရဖြစ်စဉ်များအတွက် ပံ့ပိုးပေးခြင်းနှင့် စွမ်းအင်၊ ကာဗွန်၊ နိုက်ထရိုဂျင်၊ အောက်ဆီဂျင်နှင့် ရေသံသရာလည်ပတ်မှုဖြစ်စဉ်များအပါအဝင် ဂေဟစနစ်အတွင်း စွမ်းအင်စီးဆင်းလည်ပတ်မှုတို့ကို ထိန်းသိမ်းကူညီခြင်းစသည့် လုပ်ငန်းများကို ကောင်းမွန်မျှတသည့် ဂေဟစနစ်က ဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၁၄ သို့ ◆**

◆ စာမျက်နှာ ၁၃ မှအဆက်

သစ်တောများ၊ ကမ်းရိုးတန်းဒီရေတောများ၊ ဂေဟာစနစ်များသည် အသား၊ ငါးနှင့် ရေထွက်ပစ္စည်း အပါအဝင် အစားအစာများ၊ အမျှင်ဓာတ်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ထောက်ပံ့ပေးရုံသာမက လေမုန်တိုင်းကျရောက်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်း၊ အပူအအေးလွန်ကဲခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေပြီး ရာသီဥတုမျှတစေရန် ထိန်းညှိပေးကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စားရေရိက္ခာထုတ်လုပ်မှုလုပ်ငန်းများကို အကျိုးပြုလျက်ရှိသဖြင့် သစ်တောများထိန်းသိမ်းရေး၊ ရေတိမ်ဒေသများနှင့် ကမ်းရိုးတန်းဒီရေတောများထိန်းသိမ်းရေး၊ ဂေဟစနစ်များတည်ငြိမ်ကောင်းမွန်စေရေးအတွက် အထူးအလေးထား ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စားရေရိက္ခာဖူလုံရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများရရှိစေရန်နှင့်ဂေဟစနစ်များ တည်ငြိမ်ကောင်းမွန်စေရန်အတွက် ကျယ်ပြန့်သောအမြင်ဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု၊ သုတေသနနှင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ်တိုးမြှင့်ဆောင်ရွက်ခြင်း၊ မတူကွဲပြားသော သီးနှံထုတ်လုပ်မှုများ အားပေးမြှင့်တင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးသီးနှံများနှင့်နည်းစနစ်များ၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ကျယ်ပြန့်လာစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဘေးကင်းပြီး အာဟာရပြည့်စုံသော အစားအစာများ ထုတ်လုပ်ခြင်း၊ အစားအစာဆုံးရှုံးမှုများ လျှော့ချခြင်း၊ အစားအသောက်ဘေးကင်းရေးနှင့် ကျန်းမာရေးကိုဦးစားပေးခြင်း၊ Corporate Social Responsibility (CSR) လုပ်ငန်းများ မြှင့်တင်ခြင်း၊ စားရေရိက္ခာထုတ်လုပ်မှုဆိုင်ရာ အသိပညာပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍ၊ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများ၊ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ဆက်စပ်ပတ်သက်သူများအားလုံးကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စားရေရိက္ခာဖူလုံရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ထုတ်လုပ်နိုင်ပြီး နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# တန့်ယန်းမြို့နယ်၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

**တန့်ယန်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် မန်ချပ်ကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်သည့် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တန့်ယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင်အောင်လွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ မန်ချပ်ကျေးရွာတွင် အရှည် ၆ ဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိရေရရှိရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

မန်ချပ်ကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၁၅၆ သန်းအကုန်အကျခံကာ ၂၀၂၄ ခုနှစ် ဇွန်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိကျေးလက်နေပြည်သူများအတွက် နွေရာသီရေရှားပါးသည့် ပြဿနာများပြေလည်ကာ ရာသီမရွေးသန့်ရှင်းသော သောက်ရေသုံးရေများ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**



# ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဧက ၂၉၀၀၀ ကျော် စိုက်ပျိုးမည်

**ကျွန်းလှ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ ဒီနှစ်ဆောင်းရာသီမှာ ဆီထွက်သီးနှံစိုက်ပျိုးဖို့ ၂၉၅၂၂ ဧက လျာထားတယ်။ တောင်သူတွေကို ဒေသရာသီဥတုနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စတဲ့စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မြေပဲ ၁၃၈၉၆ ဧက၊ နေကြာ ၁၂၃၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ မုန်ညင်းစေ့ ၃၅၇ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## Myawady Digital Set Top Box ထုတ်နုတ်ရှုမြင်အစီအစဉ်

၂၃-၁၀-၂၀၂၄(ဗုဒ္ဓဟူးနေ့)

**မြဝတီရုပ်မြင်သံကြားအစီအစဉ်**

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၆ မေတ္တာပို့
၃။ ၇:၂၁ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၀၅ အမျိုးသားရေးတေးကဗျာ
၆။ ၉:၂၅ ရှေးဟောင်းသုတ
၇။ ၁၂:၀၀ ခရီးလည်းသွား စကားလည်းဆို
၈။ ၁၆:၅၀ ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ
၉။ ၁၉:၀၀ **(၃၈) ဖြာမင်္ဂလာ ဖြဟ္မစရိယဥ္စ**

## MWD Variety Channel

၁။ ၁၀:၂၄ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၁:၂၉ သိလိုသမျှ ကျန်းမာရေးကဏ္ဍ
၃။ ၁၂:၂၂ ဖွံ့ဖြိုးဝေစည်တို့နေပြည်
၄။ ၁၄:၁၃ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်း သုံးသပ်ချက်
၅။ ၁၆:၄၀ ရောင်စုံပျံ့သင်းစာပန်းခင်း

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌာရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဦးမြင့်စိုး လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ Mr. Vorozhtsov Alexander Borisovich၊ Tomsk ပြည်နယ်တက္ကသိုလ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဒုတိယဥက္ကဋ္ဌဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနစည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Tomsk State University ၌သင်ကြားပို့ချပေးလျက်ရှိသော စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာ ဘာသာရပ်များ၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဆိုင်ရာဘာသာရပ်များ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာပညာရပ်များအပါအဝင် အခြားသော ဘာသာရပ်ဆိုင်ရာနယ်ပယ်များတွင် သင်ကြားပို့ချပေးနေမှုများ၊ Bachelor၊ Master၊ Ph.D Degree Programme များတွင် ပါဝင်ယှဉ်ပြိုင်လျှောက်ထားနိုင်မည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University နှင့် မြန်မာနိုင်ငံ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များအကြား ပညာရပ်ဆိုင်ရာနှင့် အကျိုးပြုသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ Exchange Visits၊ Seminar များ၊ Webinar များ တက်ရောက်နိုင်ရေးအတွက် MoU လက်မှတ်ရေးထိုးရေးညှိနှိုင်းဆောင်ရွက်မည့်အခြေအနေများ၊ Scholarship ပညာသင်ဆု လျှောက်ထားနိုင်မှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၅၀ / ၂၀၂၄**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကိုကိုကျော် အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂


မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ SKY Star Hotel ၌ ကျင်းပသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲ လေးယောက်တွဲ သဏ္ဌာန်တူ(ပထမ)၊ နှစ်ယောက်တွဲ(ကျား)တို့တွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အသင်းအတွက် ဆောင်ရွက်ပေးနိုင်မှုဆု၊ ဘေးအန္တရာယ်အမျိုးမျိုးတွင် ကူညီဆောင်ရွက်ပေးနိုင်မှုဆု၊ ရှေးဦးပြုစုပေးနိုင်မှုဆု၊ စာစီစာကုံးပြိုင်ပွဲဆု၊ နည်းပြဆု၊ ရှေးဦးသူနာပြုသင်တန်းထူးချွန်ဆု၊ စွမ်းစွမ်းတမံကူညီပေးနိုင်မှုဆု၊ တိုင်းဒေသကြီးဆု၊ ဂုဏ်ပြုမှတ်တမ်းဆုများကို ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဝင်များ၊ တိုင်းပညာရေးမှူး၊ တိုင်းကြက်ခြေနီတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတွင် လိုအပ်နေသော အုပ်ချုပ်မှုယာဉ်တစ်စီးအား အလှူရှင်ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၃၀)နေ ဦးရန်အောင်မျိုး(ဗဟိုကောင်စီဝင်-မြန်မာနိုင်ငံကြက်ခြေနီအသင်း)+ဇနီးဒေါ်ဖြိုးလှမြင့် မိသားစုတို့က ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆°c | / | ၃၀.၄°c |
| ရန်ကုန် | ၂၂°c | / | ၂၉.၅°c |
| မန္တလေး | ၂၆°c | / | ၃၂.၀°c |

# FIFA International “A”Friendly Matches ခြေစမ်းပွဲယှဉ်ပြိုင်မှုကို မြန်မာ့ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၂

FIFA International “A”Friendly Matches ခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တရုတ်(ဟောင်ကောင်) လက်ရွေးစင်အမျိုးသမီးအသင်းတို့သည် အောက်တိုဘာလ ၂၃ ရက်**(ယနေ့)** ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်အချိန်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှအဆက်

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆပ်ကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားစွာကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်၏(၇၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ် ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး၊ စစ်မှန်၍စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး၊ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး၊ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး၊ စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့်ဖွဲ့လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

လွတ်လပ်ရေးနေ့အတွက်ချမှတ်ထားသည့် ဦးတည်ချက်များသည် လွတ်လပ်ရေး၏အနှစ်သာရကို ပိုမိုပေါ်လွင်စေကြောင်း၊ လွတ်လပ်ရေး၏အဓိပ္ပာယ်သည် အနှောင်အဖွဲ့ကင်းလွတ်ခြင်းကို ဆိုလိုကြောင်း၊ အချုပ်အခြာအာဏာဆိုသည်မှာ လွတ်လပ်ခြင်းနှင့် မိမိကိုယ်ပိုင်စီမံဆုံးဖြတ်ခွင့်ရှိခြင်းဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံသည် လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံးက ကိုယ်တိုင်စီမံလုပ်ကိုင်ဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အနှောင်အဖွဲ့ကင်းပြီး မိမိကိုယ်တိုင်ဆုံးဖြတ်ခွင့်ရှိသောနိုင်ငံများ

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အကြို ကဗျာရွတ် ပုံပြောနှင့် ကျပန်းစကားပြောပြိုင်ပွဲများကျင်းပ

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ကဗျာရွတ်၊ ပုံပြောနှင့် ကျပန်းစကားပြော (မြို့နယ်အဆင့်) ပြိုင်ပွဲများကို အောက်တိုဘာလ ၂၁ ရက်က ကျောက်ပန်းတောင်းမြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် ကျောက်ပန်းတောင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး ကဗျာရွတ်ပြိုင်ပွဲ၌ အခြေခံပညာမူလတန်း၊ ပုံပြောပြိုင်ပွဲ၌ အခြေခံပညာအလယ်တန်းနှင့် ကျပန်းစကားပြောပြိုင်ပွဲ၌ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများမကျင်းပမီ ကျောက်ပန်းတောင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နွယ်က အမှတ်ပေးစည်းမျဉ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲကို အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒိုင်များအဖြစ် ကြီးကြပ်ဆောင်ရွက်ကြပြီး ပြိုင်ပွဲဝင်များ၏ ဝတ်စားဆင်ယင်မှု၊ အသံလေယူလေသိမ်း၊ ဟန်ပန်အမူအရာ၊ အချက်အလက်ပြည့်စုံမှု၊ နိဂုံးချုပ်စကား၊ သတ်မှတ်အချိန်အတွင်းပြီးစီးမှုတို့ကို အကဲဖြတ်အမှတ်ပေးရွေးချယ်ကြသည်။ ယင်းပြိုင်ပွဲများတွင် အကောင်းဆုံးယှဉ်ပြိုင်နိုင်သူများအနေဖြင့် ခရိုင်အဆင့်ပြိုင်ပွဲများ၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

## ချောက်မြို့နယ်၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ချောက် အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောက်-မကွေးကားလမ်းမကြီးမှ တောင်တဲကြီးကျေးရွာအဝင်လမ်း မြေနီလမ်းခင်းခြင်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၂၂ ရက်တွင် မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးအရာရှိ(မြို့ပြ) ဒေါ်အေးလဲ့လဲ့စိုးနှင့် တာဝန်ရှိသူများက ချောက်မြို့နယ် ချောက်-မကွေးကားလမ်းမကြီးမှ တောင်တဲကြီးကျေးရွာအဝင်လမ်း မြေနီလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိက လိုအပ်သည်များမှာကြားသည်။

အဆိုပါတောင်တဲကြီးကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ ထု ၈ လက်မရှိ ကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုငွေ ငွေကျပ် ၃၈ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Win & Mo ကုမ္ပဏီက ဇွန်လ တတိယပတ်မှစ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ယင်းကျေးရွာအဝင်လမ်း ဆောင်ရွက်ပြီးစီးမှုကြောင့် တောင်တဲကြီးကျေးရွာအပါအဝင် ကျေးရွာငါးရွာရှိ အိမ်ခြေ ၉၈၉ အိမ်၊ လူဦးရေ ၄၅၉၂ ဦးအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေနိုင်ပြီဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

ကို အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံများအဖြစ်သတ်မှတ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးသည် အရေးကြီးကြောင်း၊ အချို့နိုင်ငံများသည် လွတ်လပ်ကြသော်လည်း အချုပ်အခြာအာဏာပိုင်ဆိုင်မှုမရှိကြကြောင်း၊ အချို့နိုင်ငံများသည်အချုပ်အခြာအာဏာပိုင်ဆိုင်ကြသော်လည်း လွတ်လပ်မှုမရှိကြကြောင်း၊ ထိုသို့သောနိုင်ငံများကို ကမ္ဘာပေါ်တွင် တွေ့မြင်နေရကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေးများကိုဆုံးရှုံးမသွားစေရေး နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ကြရသည်ဖြစ်သည့်အတွက် လွတ်လပ်ရေးကိုမဆုံးရှုံးအောင် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရန်အတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသော်လည်း ပျက်စီးဆုံးရှုံးရန်မှာ တစ်ရက်တစ်မနက်နှင့်ပင် ဆုံးရှုံးသွားနိုင်သည့်အခြေအနေများကို ကမ္ဘာ့နိုင်ငံများတွင် တွေ့မြင်ရကြောင်း၊ ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ ပိုမိုတွေ့ရှိရသည်မှာ Balance of Power ဟုခေါ်သည့် အင်အားချိန်ခွင်လျှာ ပျက်ယွင်းခြင်းများကို တွေ့မြင်နေရကြောင်း၊ နိုင်ငံပေါင်းစုံ စုပေါင်း၍ အစည်းအဝေးလုပ်သည့် နေရာမျိုးတွင်ပင် သူတစ်လူငါတစ်မင်းဖြင့် Globalization ခေါ် ကမ္ဘာ့ရွာကြီးဖွံ့ဖြိုးတိုးတက်ရန် တိုင်ပင်ဆွေးနွေးရမည့်အစား ကမ္ဘာ့ရွာကြီး ပျက်ပြားအောင် မိမိလိုရာသို့ဆွဲ၍ ရန်စကား ပြောဆိုခြင်းများဖြင့် ပြည့်နှက်နေသည်ကို တွေ့မြင်နေရကြောင်း၊ Hegemony ဗိုလ်ကျစိုးမိုးခြင်းကိစ္စရပ်များ၊ Multilateralism နှင့် Unilateralism အင်အားပြိုင်မှုကိစ္စရပ်များ၊ ငါနှင့်မတူ ငါ့ရန်သူဆို၍ ဖိအားပေးသောကိစ္စရပ်များ၊ ငါနှင့်တူသော်လည်း ငါ့အလိုကျ ကြိုးဆွဲကနိုင်ရန်အတွက် Proxy ခေါ် ရုပ်သေးအစိုးရဖြစ်စေရေး ကြိုးစားမှုများကို ယနေ့ကမ္ဘာ့အရပ်ရပ် နိုင်ငံရေးဇာတ်ခုံတွင် တွေ့ရှိရကြောင်း၊ မိမိနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံကြီးများအကြားတွင်

**❖ လွတ်လပ်ရေး၏အဓိပ္ပာယ်သည် အနှောင်အဖွဲ့ကင်းလွတ်ခြင်းကို ဆိုလို၊ အချုပ်အခြာအာဏာဆိုသည်မှာ လွတ်လပ်ခြင်းနှင့် မိမိကိုယ်ပိုင်စီမံဆုံးဖြတ်ခွင့်ရှိခြင်းဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံသည် လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံးက ကိုယ်တိုင်စီမံလုပ်ကိုင်ဆုံးဖြတ်နိုင်ခွင့်ရှိ၊ အနှောင်အဖွဲ့ကင်းပြီး မိမိကိုယ်တိုင်ဆုံးဖြတ်ခွင့်ရှိသောနိုင်ငံများကို အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံများအဖြစ်သတ်မှတ်. . .**

**❖ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေးများကိုဆုံးရှုံးမသွားစေရေး နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ကြရသည်ဖြစ်သည့်အတွက် လွတ်လပ်ရေးကိုမဆုံးရှုံးအောင် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်. . .**

**❖ နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည်နှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်များကို ဘက်စုံထောင့်စုံမှလစ်ဟာမှုမရှိစေရန် သတိ၊ ဝီရိယအပြည့်အဝဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်. . .**

ရှိပြီး တိုင်းရင်းသားပေါင်းစုံ လူမျိုးပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းထားသည့်အတွက် သွေးခွဲပြီး ၎င်းတို့အလိုကျ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ခွင့်မရှိသည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းနေကြသည့်အတွက် အချုပ်အခြာအာဏာပိုင်ခွင့် မဆုံးရှုံးအောင် စုစည်းစွမ်းအား၊ ပေါင်းစည်းစွမ်းအားဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ သတိပြုနိုင်ရေးအတွက် အနှစ်သာရရှိသည့် ဦးတည်ချက်များကို နိုင်ငံတော်ဝန်ကြီးချုပ်က ရွေးချယ်ချမှတ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ဦးတည်ချက်ထဲတွင် စုစည်းမှုများ၊ စည်းလုံးမှုများကိုတွေ့မြင်ရမည်ဖြစ်ကြောင်း။

လွတ်လပ်ရေးနေ့အခမ်းအနားများကို ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များဖြင့် အဓိပ္ပာယ်ပြည့်ဝစွာ နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် နှစ်စဉ်နှစ်တိုင်း ကျင်းပပေးလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်များကို ဘက်စုံထောင့်စုံမှ လစ်ဟာမှုမရှိစေရန် သတိ၊ ဝီရိယအပြည့် အဝဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံ အလေးပြုပွဲစစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ညှိ့ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ် ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက လုပ်ငန်းတာဝန်များ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ကော်မတီအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆပ်ကော်မတီများအနေဖြင့် ငွေကြေးသုံးစွဲမှုများတွင် အလေအလွင့်မရှိစေရေး၊ ပါဝင်သင့်ပါဝင်ထိုက်သူများပါရှိစေရေး၊ နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့်ဆောင်ရွက်ပြီး လွတ်လပ်ရေးအနှစ်အရသာကို အများပြည်သူများ သိရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့်ပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မော်လမြိုင်မြို့နယ်၌ ဟိုတယ်နှင့်ခရီးသွားကဏ္ဍလုပ်ငန်းခွင်သုံး အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်

မော်လမြိုင် အောက်တိုဘာ ၂၂

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှကြီးမှူး၍ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မော်လမြိုင်ဇုန်)မှ စီစဉ်ဖွင့်လှစ်သည့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍလုပ်ငန်းခွင်သုံး အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၂၁ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ SunShine Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး နိုင်လယိတမနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွန်ပြည်နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာအသင်းမှ တာဝန်ရှိသူများ၊ ခရီးလှည့်လည်ရေးလုပ်ငန်းရှင်များ၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး နိုင်လယိတမက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားကဏ္ဍလုပ်ငန်းခွင်သုံးအင်္ဂလိပ်စာသင်တန်းသည်လည်း အရေးပါသည့်ကဏ္ဍတစ်ခုတွင် ပါဝင်နေကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအတတ်ပညာများ တိုးတက်ထွန်းကားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ပြည်တွင်းပြည်ပခရီးသည်များ လာရောက်တည်းခိုရာတွင် အရည်အချင်းပြည့်မီသည့် ဝန်ဆောင်မှုများပေးနိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ အင်္ဂလိပ်စာသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဟိုတယ်နှင့်ခရီးသွားကဏ္ဍလုပ်ငန်းခွင်သုံး အင်္ဂလိပ်စာသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလအနေဖြင့် အောက်တိုဘာလ ၂၁ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# သံပရိုပင်များ အောင်မြင်ဖြစ်ထွန်းပြီး စတင်ဆွတ်ခူးရောင်းချ

ကျောက်ဆည် အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း ကိုင်း၊ ကျွန်းမြေများတွင် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံစိုက်ပျိုးကြရာ ယခုအခါ ပြည်ပန်းကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာ၌ စိုက်ပျိုးထားသော သံပရိုပင်များ အောင်မြင်ဖြစ်ထွန်းပြီး စတင်ဆွတ်ခူး ရောင်းချလျက်ရှိကြောင်း ကျောက်ဆည်မြို့နယ်မှ သံပရိုခြံပိုင်ရှင်တစ်ဦး၏ပြောပြချက်အရ သိရသည်။

သံပရိုပင်စိုက်ပျိုးရာတွင် သံပရိုပင် ၂၀၀ ကို တစ်ပင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ အပင်သက်တမ်းသုံးနှစ်သား ရောက်ချိန်တွင် စတင်ဆွတ်ခူး ရောင်းချနိုင်ကြောင်းနှင့် စတင်ဆွတ်ခူးချိန်တွင် အလုံးရေ ၇၀၀ ခန့် ဆွတ်ခူးနိုင်ကြောင်း သိရသည်။

ထို့ပြင် အပင်စိုက်ပျိုးရာတွင် အသီးများလှပစေရန် တစ်ပင်နှင့်တစ်ပင် ၁၈ ပေခြားပြီး အတန်းလိုက် စိုက်ပျိုးရကြောင်း၊ အပင်ငယ်ချိန်တွင် ပေါင်းမြက်များရှင်းပေးရပြီး ရေကြိုက်နှစ်သက်သည့်အတွက် အစိုဓာတ်မပြတ်စေရန် ရေသွင်းပေးရကာ လိုအပ်ချိန်တွင် မြေသြဇာကျွေးပေးခြင်း၊ ကိုင်းအခြောက်များရှင်းလင်းပေးခြင်းများ ပြုလုပ်ပေးရကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ သံပရိုပင်များကို ကိုင်း၊ ကျွန်းမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး ခြံပိုင်ရှင်များက မိမိတို့စိုက်ပျိုးထားသောအပင်များ၏ အသီးသီးမှုပေါ်မူတည်ကာ ဆွတ်ခူးရောင်းချလျက်ရှိကြောင်းနှင့် ကိုင်းကူးမျိုးများပြုလုပ်၍ ရောင်းချရသည့်အတွက် သံပရိုစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses 1st meeting of Central Committee to organize 77th Anniversary Independence Day



Vice-Senior General Soe Win addresses the 1st meeting of the Central Committee to organize the 77th Anniversary Independence Day.

NAY PYI TAW October 22

The Central Committee to organize the 77th Anniversary Independence Day 2025 held the first meeting at the meeting hall of State Administration Council Chairman's Office here this afternoon, addressed by Chairman of the central committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were central committee member union ministers, the Nay Pyi Taw Council chair, the Nay Pyi Taw command commander, deputy ministers, senior military officers from Office of Commander-in-Chief and officials. Secretaries of subcommittees took part in the meeting through video conferencing.

In his address, the Vice-Senior General said the 77th Anniversary Independence Day will be observed grandly on a national scale. It will be held in accord with the five national objectives: prevention of armed conflicts and disagreements in accord with the law to ensure non-disintegration of Union, non-disintegration of national solidarity and perpetuation of sovereignty, all citizens to collectively protect the State, based on Union spirit and unity, holding a just and honorable general election in a methodical way for the adoption of genuine and disciplined democracy, harmonious development of the entire Union in all sectors through the collective force of the entire people, strive in unity in accord with the motto "Keep Moving Forward to Achieve Our Goal" to promote political, economic and defence sectors and national characteristics and national spirit, with perseverance diligence industriousness.

The objectives further highlight the essence of independence, which means "free from clutches", while sovereignty stands for freedom and self-determination. A sovereign state is defined as an independent country where all its citizens have the right to manage and decide their own affairs, without outside interference and the right to self-determination and are free from all kinds of clutches. So, independence is vital. In this world, some independent countries lack sovereignty and some sovereign countries lack independence.

All should exert efforts to collectively protect independence as Myanmar has striven for many years to maintain its independence and sovereignty. It took many years to restore independence, but it can be lost in a day. Certain global countries stand as an example of this situation. Today, the balance of power is crumbling on the global stage. General assemblies are occupied with dialogues centred on self-interest and words of hostility towards global destruction, instead of discussions on the progress of the globalization process. The global stage is witnessing hegemonism, rivalry between multilateralism and unilateralism, the policy of regarding birds of a different feather as enemy and the policy of using birds of the same feather as proxies. Myanmar is a country formed with over 100 different types of national races and located between powers. In this regard, the Prime Minister has selected the meaningful objectives for the people to be aware of the importance of preventing the country's independence and sovereignty from falling apart under the alien attempts to sow seeds of mistrust. The objectives highlight the vitality of harmony and unison.

The country is observing Independence Day celebrations on a national scale with full essence in accord with the national objectives. Subcommittees should make collective efforts to successfully hold the national-level event on a grand-scale. Moreover, perseverance and awareness of the loopholes is also required.

Afterwards, chairs of subcommittees on raising and saluting the State Flag with a military parade company, State Flag saluting, preparations and invitation, Independence Day reception, fireworks display, security, information and auditing presented progress of preparations and committee-wise tasks, and sector-wise duties for the success of the Independence Day celebrations.

The Vice-Senior looked into the requirements and in his concluding remarks, he urged the subcommittees to prevent financial waste, involvement of suitable persons, have a security awareness, and disseminate the vitality of independence.

**100**

# Plan underway to grow more than 24,000 acres of groundnut in coming winter

MINGIN October 22

According to the Mingin Township Agriculture Department, a total of 24,558 acres of croplands will be placed under winter groundnut in Mingin Township of Sagaing Region in coming winter.

Local farmers will grow winter groundnut from October to December in 2024.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department commented: "We earmarked cultivation of more than 20,000 acres of winter groundnut in the township. We will strive for meeting the target cultivation. Oil crops are thriving in the township. Sown acreage of groundnut is on the rise yearly."

It needs to use 1.5 baskets of groundnut seeds per acre in Mingin Township. Local farmers need to cost more than Ks-200,000 per acre for quality seeds of groundnut, labour charge and pesticides. It produces more than 50 baskets of groundnut per acre.

This year, officials of Mingin Township Agriculture Department make field trips on inspection of groundnut plantations, focusing on prevention of pests and weeding of plantations to boost per-acre yield of crops.

**SMK**

# Pwintbyu Township to grow 7,732 acres of butter bean in cold season

PWINTBYU October 22

A total of 7,732 acres of butter bean will be planted in Pwintbyu Township of Magway Region in this year's winter crops planting season, according to the Township Agriculture Department.

With the aim of boosting the income from crops and ensuring food security, butter beans are being grown in winter crops planting season in Pwintbyu Township annually. Therefore, the Township plans to grow 7,732 acres of butter bean in this year's winter crops planting season.

"In this year's winter crops growing season, Pwintbyu Township plans to cultivate 7,732 acres of butter bean in the entire township to boost the income of farmers and ensuring food security'', said Daw Moe Moe Wai, staff officer of the Township Department of Agriculture. "Now, efforts are being made to meet the targeted areas and farmers will be provided with necessary assistance", she added.

In order to meet the target, the Township Agriculture Department is making field trips and sharing knowledge on agricultural techniques including good quality seeds, systematic ways of growing and prevention of pest infestation to farmers in collaboration with relevant department. **SK**



# Ngwehsaung Beach crowded with visitors during Thadingyut holidays

NGWEHSAUNG October 22

During the Thadingyut holidays which start from 16 to 19 October, Ngwehsaung Beach in Pathein district of Ayeyawady Region was packed with locals and foreign visitors from various places.

Ngwehsaung Beach is an attractive destination not only for locals but also for foreign visitors. During this year's Thadingyut holidays, a total of 16,151 people including 710 foreign visitors and 15,441 locals came to relax at Ngwehsaung Beach.

In order to increase the numbers of tourist arrival to the beach and to develop beach tourism, town-level officials from Hotels and Tourism Supervising Department under Ministry of Hotels and Tourism and Ngwehsaung Hoteliers are opening basic courses on hotels services and basic foreign language courses, holding coordination meetings on hotels services and conducting Beach cleaning activities regularly in collaboration with relevant organizations. **SMK**

# Farmers plan to grow more than 3,000 acres of maize in coming winter



HTIGYAING October 22

The statistics of Htigyaing Township Agriculture Department of Sagaing Region showed that a total of 3,270 acres of maize will be planted in the township in coming winter.

As local authorities earmarked cultivation of 1,170 acres of maize and 2,100 acres of corns, totalling 3,270 acres in Htigyaing Township, local farmers will grow the crops from October to December this year.

U Ko Ko Aung, Head of Htigyaing Township Agriculture Department said: "Our township planned to grow more than 3,000 acres of maize and corn in coming winter. Our department decided to raise farmer awareness to grow maize and corns with prevention of pests for boosting production."

This year, officials of the Township Agriculture Department conduct training for local farmers and agricultural staff to have higher capacity for growing maize and corns successfully and shares techniques with local farmers for use of pesticides.

In Htigyaing Township, maize yields 50 baskets per acre and it needs to cost Ks-500,000 per acre. Corn produces 15,000 pieces of corn with costing Ks-500,000 per acre.

**SMK**

# Plan underway to grow more than 130,000 acres of chickpea in Yinmabin District this year

YINMABIN October 22

Based on data of the Yinmabin District Agriculture Department, preparations are being made to grow chickpea on 135,579 acres of croplands in Yinmabin District of Sagaing Region this year.

In 2024-2025 winter, Yinmabin Township earmarked cultivation of 36,045 acres of chickpea, Salingyi Township 3,650 acres, Kani Township 38,783 acres and Pale Township 57,101 acres, totalling 135,579 acres.

Daw Myat Moe Win, Head of Yinmabin District Agriculture Department disclosed: "We planned to grow more than 130,000 acres of chickpea in Yinmabin District. We will try our best to meet the target cultivation. Sown acreage of chickpea is on the rise yearly. We will provide quality strains of crops, inputs and post-harvest technology to local farmers."

Local farmers prefer to use Yezin-8 and Yezin-11 strains of chickpea in the district. Farmers need to cost more than Ks-300,000 per acre of chickpea.

Officials of relevant agriculture departments urged local farmers to use Trichoderma fungi to boost production of crops.

Sagaing Region is focusing on cultivation of the largest area of pulses and beans. Local farmers grow chickpea as mixed crop as well as separate crop for raising their family incomes. **SMK**

# Homalin District to grow some 3,000acres of vegetables in coming winter

HOMALIN October 22

Statistics of Homalin District Agriculture Department stated that a total of 2,950 acres of vegetables will be grown in Homalin District of Sagaing Region in coming winter.

In the district, Homalin Township earmarked 2,850 acres of vegetables and Mobailuk 100 acres, totalling 2,950 acres, and these vegetables will be grown from October to December this year.

Daw Su Su Htwe, Head of Homalin District Agriculture Department said: "We gave a plan to grow more than 2,000 acres of vegetables in Homalin District in coming winter. Local farmers will grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage, and other crops. We raise awareness for farmers to grow crops in GAP system to produce fresh vegetables with least chemical residues for healthy consumption of people."

This year, officials of the district agriculture department will conduct agricultural training for local farmers and agricultural staff to enhance their capacity to grow vegetables and to produce fresh and healthy crops for public consumption.

Vegetable plantations are thriving in Homalin District, and officials of relevant Agriculture Department share agricultural techniques and inputs with local farmers. **SK**

# How does BRICS differ from other international organizations & what has it achieved in 18 years?

MOSCOW October 22

The BRICS summit in Kazan on October 22-24 is the association's main event during Russia's presidency. Featuring over 200 various events, it is the first summit attended by the association's new members.

Russia's city of Kazan is hosting the 16th BRICS Summit, with leaders from 36 countries, including 22 heads of state or government, attending the three-day event. The motto of the event is " Strengthening Multilateralism for Just Global Development and Security."

In light of the gathering, it's worth considering how BRICS differs from other international organizations.

BRICS was founded in 2006 by Brazil, Russia, India, and China, with South Africa joining in 2011. On January 1, 2024, Egypt, Iran, the UAE, Saudi Arabia, and Ethiopia became full members, while Russia assumed the BRICS presidency.

BRICS began engaging with third-party countries in the early 2010s through the "BRICS Plus/Outreach" format. Around 40 countries are interested in cooperating with the group in various ways.

BRICS is a "club of like-minded" members, not a bloc like NATO or the EU, and lacks a charter, budget, secretariat, and supranational structures.

**Sputnik**





## Migrant birds wintering in S.China's Hainan

DANZHOU October 22

The ecological environment in Hainan has been improving in recent years thanks to the protection of wetlands and birds by the local government, attracting an increasing number of migrant birds wintering in the southernmost island province of China.

**Xinhua**

## Colombia takes over presidency of COP16 on biodiversity from China




CALI October 22

The 16th meeting of the Conference of the Parties to the UN Convention on Biological Diversity (COP16) opened in Colombia's southwestern city of Cali on Monday, with Colombia taking over the rotating presidency from China.

At the opening ceremony, Chinese Minister of Ecology and Environment Huang Runqiu congratulated Colombia on hosting COP16, which brings together delegations from 196 countries.

**Xinhua**

# France warns Lebanon could collapse



PARIS October 22

Lebanon could collapse and slide into civil war, French Defence Minister Sebastien Lecornu said on Monday. The Middle Eastern country, which was administered by France for part of the 20th Century, has become a battleground between Israel and armed group Hezbollah in recent weeks.

In an interview with LCI news channel, Lecornu said that a ceasefire in Lebanon was a "necessity for our collective security."

Israel and Hezbollah have sporadically exchanged fire since the former launched a military operation in Gaza in response to a deadly incursion by Hamas on October 7 last year. Israel escalated its campaign against Hezbollah in September, launching Operation Northern Arrows to attack the group in Southern Lebanon.

One million people have been forced to flee their homes in Lebanon in search of safety, according to the UN Refugee Agency. The Lebanese Health Ministry reported that nearly 2,500 people had been killed by Israeli attacks on the country as of Saturday.

"Our position right now is primarily driven by the fear of an imminent civil war in Lebanon," Lecornu said. "You can see that Lebanon could completely collapse even further than it already has," he added.

Earlier this month, French President Emmanuel Macron called on the US and EU to "stop delivering arms" to Israel, stressing the need for a "political solution" to the crisis in the Middle East and warning that Lebanon could turn into "a new Gaza."

France will host an international conference on Lebanon on Thursday in Paris. According to the French Foreign Ministry, the aim of the conference is "to rally the international community" to provide the Lebanese people with emergency relief, and to find ways of "supporting the country's institutions," especially its armed forces. Lebanese Prime Minister Najib Mikati has indicated that he intends to request "security assistance" relating to "everything concerning the army and internal security forces" at the conference, according to AFP.

Hezbollah is a Lebanese Shia Islamist political party and militant group. Its political wing holds seats in the Lebanese Parliament and in the government. Its military wing is thought to be stronger than the Lebanese Army.

**RT**

# Iraqi PM announces elimination of ISIS* leader and top commanders

BAGHDAD October 22

The leader of the Islamic State terrorist group in Iraq and eight other high-ranking commanders haven been eliminated, Iraqi Prime Minister Mohammed Shia Al Sudani said on Tuesday.

"I congratulate our esteemed people on the elimination of the so-called 'Emir of Iraq' of the terrorist organization ISIS and eight of its high-ranking commanders as a result of a unique heroic operation by the counter-terrorism National Security Service, as well as as a result of joint operations targeting the terrorists' holes where they were hiding in the mountains," the Prime Minister said in a statement.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Essential mineral in BRAZIL nuts could help find new treatments to prevent breast cancer from spreading, scientists say

Scottish scientists believe an essential mineral in Brazil nuts could help find new treatments to prevent breast cancer from spreading throughout the body.

Selenium, found in nuts, meat and cereals is an essential nutrient for human health.

But scientists have discovered it also helps a particular type of breast cancer to spread to other parts of the body where it can become inoperable.

The study has been funded by Cancer Research UK.

About 4,900 women in Scotland are diagnosed with breast cancer every year and around 15 percent have triple negative breast cancer, a type which does not respond to hormone therapy.

It can be harder to treat but is often manageable through therapy and surgery, unless it spreads.

Selenium is an antioxidant that helps defend the body against diseases and cancer.

But scientists at the Cancer Research UK Scotland Institute in Glasgow found cancer cells need selenium, and when they are moving to other parts of the body they cannot survive without it.

The research team found a lack of selenium could kill these cells, particularly those in the blood circulation seeking to spread to the lungs.



Research lead Dr Saverio Tardito, said: 'We need selenium to survive so removing it from our diet is not an option, however if we can find a treatment that interferes with the uptake of this mineral by triple negative breast cancer cells, we could potentially prevent this cancer spreading to other parts of the body.

'It is not usually breast cancer itself that proves fatal as it can often be tackled successfully with treatment or surgery, it is when the cancer spreads that it proves harder to control.

'With triple negative breast cancer having fewer treatments to control it, finding a new way to prevent it spreading could be lifesaving.'

Triple negative breast cancer can be caused by a fault in the BRCA genes which increases the chances of developing certain types of cancer including breast cancer.

Around 70 percent of women with faulty BRCA1 or BRCA2 genes will develop breast cancer by the age of 80.

US actress Angelina Jolie has the faulty gene and underwent a double mastectomy in 2013 to reduce her risk of developing breast cancer.

Cancer Research UK Science Engagement Lead, Dr Sam Godfrey, said: 'Outcomes for patients with triple negative breast cancer can be worse than for other types of cancer. Research like this could be the key to preventing this type of cancer spreading, and that would have a transformative effect on how this disease is treated.'

Lisa Bancroft, from Dunfermline, Fife, who discovered she had the BRCA mutation aged just 27, welcomed the research.

She underwent a double mastectomy as a precaution four years ago and now aged 32, is still cancer free.

Miss Bancroft said: 'Research like this, which potentially gives people with triple negative breast cancer more treatment options, offers so much hope.

'Medical science is making huge leaps forward. For me, the research that uncovered the potentially catastrophic implications of carrying a faulty BRCA gene all those years ago, has changed the course of my life.

'I only discovered I had an increased risk of developing cancer because my aunt and my dad were diagnosed with the disease and, because of that, they received genetic testing.'

Miss Bancroft's father and her aunt died from cancer, her aunt from triple negative breast cancer.

Her six-year-old daughter Emma will also one day have to decide whether to have genetic testing to find out if she is affected.

'Medical science is advancing so quickly so my hope is that by the time this happens, it will be a completely different world, she said.

'Of course, I hope that Emma is not affected by this at all - there's a 50 percent chance she isn't carrying a faulty genetic mutation, and she won't have to deal with the consequences.

'However, if Emma does have an increased risk of cancer, then I hold great hope that there will be so many more options for her to choose from. Hopefully by then, it won't be as big a deal as it is now.'

**Mail Online**

# Russian forces liberate Novosadovoye settlement in Donetsk region

MOSCOW October 22

The Zapad battlegroup also inflicted losses on three Ukrainian brigades in Novoyegorovka, Ternov, Torskoye and Krasny Liman and repelled a counterattack by the 14th mechanized brigade.

The Russian Zapad battle group has liberated another settlement in the Donetsk People's Republic (DPR), the Russian Ministry of Defence (MoD) reports.

"Units of the Zapad battle group, through active and decisive actions, have liberated the settlement of Novosadovoye in the Donetsk People's Republic," the MoD report stated.

The Zapad group also inflicted losses on personnel and equipment of three Ukrainian brigades in the areas of Novoyegorovka in the Kharkov region, Ternov, Torskoye and Krasny Liman in the DPR, and repelled a counterattack by an assault group of the 14th mechanized brigade of the Armed Forces of Ukraine.

"The enemy lost over 470 servicemen, three U.S.-made M113 armored personnel carriers, six vehicles, a Strela-10 anti-aircraft missile system, a 152 mm D-20 howitzer, a 122 mm Gvozdika self-propelled artillery unit, and a 122 mm D-30 howitzer. Three field ammunition depots were destroyed," the report added.

**Sputnik**

SCIENCE

## ဧဝရတ်တောင်ထက် လေးဆပိုကြီးသည့်ဥက္ကာခဲ ကမ္ဘာဂြိုဟ်ကိုဝင်တိုက်ခဲ့ဖူး

လွန်ခဲ့တဲ့နှစ်ဘီလီယံပေါင်းများစွာက ကမ္ဘာကြီးမှာ သက်ရှိတွေမပေါ်ပေါက်ခင်မှာ ဒီကမ္ဘာကြီးကိုဝင်တိုက်ခဲ့တဲ့ ဥက္ကာခဲအရေအတွက်က မရေမတွက်နိုင်အောင်များပြားလှပါတယ်။ အဲဒီထဲကမှ ထင်ရှားတဲ့ဖြစ်စဉ်တစ်ခုရှိပြီး သူ့ကိုတော့ S2 ဖြစ်စဉ်လို့ခေါ်ပါတယ်။

S2 ဖြစ်စဉ်ဆိုတာ နှစ်ပေါင်း ၃ ဒသမ ၆ ဘီလီယံခန့်က ဖြစ်ပေါ်ခဲ့တာဖြစ်ပြီး သူ့ကြောင့်ပဲ ကမ္ဘာကြီးရဲ့အစောပိုင်းကာလသမိုင်းကြောင်းများနဲ့ပတ်သက်လို့ အချက်အလက်တော်တော်များများကိုသိရှိခဲ့ရတာပါ။ ဒီအခြေအနေကိုဖော်ထုတ်ခဲ့သူကတော့ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များဖြစ်ပါတယ်။

သူတို့ဟာ တောင်အာဖရိကရဲ့ ဂရင်းစတုန်းခါးပတ်ကွင်းလို့ခေါ်တဲ့ဒေသမှာ လေ့လာမှုတွေလုပ်ပြီးနောက် အရွယ်အစားအားဖြင့် ဧဝရတ်တောင်ထက်လေးဆပိုကြီးတဲ့ဥက္ကာခဲတစ်ခုဟာ ကမ္ဘာမြေကိုဝင်တိုက်ခဲ့ဖူးတယ်လို့ ထုတ်ပြန်လာတာပါ။ အဲဒီဥက္ကာခဲကြီးက ကမ္ဘာပေါ်မှာဒိုင်နိုဆောတွေကိုမျိုးတုံးသွားစေတဲ့ ဥက္ကာခဲထက် အဆပေါင်း ၂၀၀ ခန့်ပိုမိုကြီးမားတယ်လို့လည်းဆိုပါတယ်။ ဒီလိုကြီးမားလှတဲ့ဥက္ကာခဲဝင်တိုက်ခြင်းကြောင့် သိပ်ကိုကြီးမားတဲ့ ဆူနာမီလှိုင်းလုံးများဖြစ်ပြီး နေရာအနှံ့မှာ ပျက်စီးမှုတွေဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။

Ref: IE

K.H



## နှစ်သန်းပေါင်း ၂၅၀ ခန့်က အယ်နီညိုဖြစ်စဉ် ယနေ့ဖြစ်စဉ်များထက်များစွာဆိုးဝါး

အယ်နီညိုရာသီဥတုဖြစ်စဉ်ဆိုတာက ကမ္ဘာ့ရာသီဥတုစနစ်ကို နှောင့်ယှက်လေ့ရှိတဲ့ဖြစ်စဉ်တစ်ခုပါ။ ဒီလိုဖြစ်စဉ်မျိုးဆိုတာက ယနေ့မှပေါ်လာတာမျိုးမဟုတ်ပါဘူး။ လွန်ခဲ့တဲ့နှစ်သန်းပေါင်းများစွာကတည်းက ဖြစ်ပေါ်လာခဲ့ဖူးတဲ့အရာပါ။


ဒီအကြောင်းကိုဖော်ထုတ်ခဲ့သူများကတော့ ဗျူတက္ကသိုလ်မှ သုတေသနပညာရှင်များဖြစ်ပါတယ်။ သူတို့ရဲ့လေ့လာမှုတွေအရဆိုရင် လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၂၅၀ တုန်းက အယ်နီညိုရာသီဥတုသာမက လာနီညာရာသီဥတုဖြစ်စဉ်လည်း ဖြစ်ပွားခဲ့ဖူးတာကိုတွေ့ရပါတယ်။

အဲဒါထက်ပိုပြီးအံ့ဩဖို့ကောင်းတာက အဲဒီအချိန်တုန်းကဖြစ်တဲ့ အယ်နီညိုရာသီဥတုဖြစ်စဉ်ဟာ ယနေ့အချိန်အခါမှာရင်ဆိုင်နေရတဲ့ အယ်နီညိုဖြစ်စဉ်ထက်များစွာပိုမိုပြင်းထန်ဆိုးဝါးတယ်ဆိုတာပါပဲ။ သုတေသီတွေက သူတို့ရဲ့သုတေသနအတွက် သင်္ချာစံပြပုံစံကိုအသုံးပြုပြီးလေ့လာခဲ့တာပါ။

အဲဒီအချိန်တုန်းက ကမ္ဘာပေါ်ကိုနေရောင်ခြည်ဖြာကျမှုဟာ လက်ရှိထက်၂ ရာခိုင်နှုန်းလောက်နည်းပါးပေမယ့် ကမ္ဘာကြီးကိုပူနွေးစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထွက်ရှိမှုကတော့ လွန်စွာများပြားခဲ့တာကြောင့် ကမ္ဘာကြီးနဲ့သမုဒ္ဒရာရေပြင်များဟာ ယနေ့အချိန်ထက်ပိုမိုပူပြင်းခဲ့ရတယ်လို့ဆိုပါတယ်။

Ref: IE

K.H



ENERGY

## ကမ္ဘာ့ပထမဆုံးအဖြစ် စွမ်းအင်ကူးပြောင်းမှု ၆၀ ရာခိုင်နှုန်းရတဲ့ ဆိုလာပြားများကို ပညာရှင်များတီထွင်



စပိန်နိုင်ငံ Universidad Complute–nse de Madrid တက္ကသိုလ်မှ သုတေသနပညာရှင်များက ဂါလီယံဖော့စဖိုက်နဲ့ တိုက်တေနီယံတို့ကိုပေါင်းစပ်ပြီး ဆိုလာပြားတစ်မျိုးကို ဖန်တီးလိုက်နိုင်ပါတယ်။ အဲဒီဆိုလာပြားရဲ့ထူးခြားချက်ကတော့ စွမ်းအင်ကူးပြောင်းမှု ၆၀ ရာခိုင်နှုန်းအထိ ရရှိစေမယ်လို့ဆိုပါတယ်။ အဲဒီလိုရရှိနိုင်မှုက ကမ္ဘာမှာပထမဆုံးပါပဲ။

လက်ရှိသုံးနေကြတဲ့ သမားရိုးကျဆိုလာပြားများက ဆီလီကွန်ကိုအခြေခံပြီး လုပ်ထားတာပါ။ အဲဒီဆိုလာပြားတွေကျတော့ သူ့အပေါ်ကျလာတဲ့နေရောင်ခြည်များအနက် အနည်းငယ်မျှကိုသာစွမ်းအင်အဖြစ်ပြောင်းလဲပေးတာဖြစ်ပြီး အများစုကိုအပူအဖြစ်သာစွန့်ထုတ်လိုက်တာပါ။

အခုပညာရှင်များ ဖန်တီးထားတဲ့ ဆိုလာပြားများက သူ့အပေါ်ကျရောက်လာတဲ့နေရောင်ခြည်များအနက် ၆၀ ရာခိုင်နှုန်းအထိကို စွမ်းအင်အဖြစ်ပြောင်းလဲနိုင်တယ်ဆိုခြင်းကြောင့် သန့်ရှင်းစွမ်းအင်ထုတ်လုပ်မှုမှာ များစွာသောတိုးတက်မှုတွေကိုဖြစ်စေမှာဖြစ်ပါတယ်။

Ref: IE

K.H

## လျှပ်စစ်နံရံကပ်ဓာတ်ပုံများဖြင့် အိမ်များကိုအပူပေးနိုင်မည်



စကော့တလန်နိုင်ငံမှတက္ကသိုလ်များ၊ ဂလက်စဂိုးမြို့ကောင်စီနဲ့ စကော့တလန်အနောက်ပိုင်း အိုးအိမ်အဖွဲ့အစည်းတို့ပူးပေါင်းပြီး နေအိမ်များကိုအပူဓာတ်ပေးနိုင်ရေးအတွက် နည်းလမ်းတစ်ခုကိုဖန်တီးလိုက်ပါတယ်။

ဒီနည်းလမ်းကိုဖန်တီးရတဲ့အဓိကရည်ရွယ်ချက်က သဘာဝဓာတ်ငွေ့အသုံးပြုအပူပေးစနစ်ကနေ ရုပ်ကြွင်းလောင်စာလောင်ကျွမ်းမှုကင်းစင်တဲ့စနစ်နဲ့ နေအိမ်အပူပေးစနစ်ကို ပြောင်းလဲအသုံးပြုနိုင်စေဖို့ပါ။ အဲဒီနည်းလမ်းကတော့ နေအိမ်တွေမှာ လျှပ်စစ်စွမ်းအင်သုံးနံရံကပ်ဓာတ်ပုံတွေကို အသုံးပြုခြင်းပဲဖြစ်ပါတယ်။

အဲဒီနံရံကပ်ဓာတ်ပုံတွေမှာ ကြေးနီနဲ့ ဂရပ်ဖင်းတို့ပါဝင်ပြီး သူ့ဆီကနေထွက်တဲ့ အနီအောက်ရောင်ခြည်များက နေအိမ်ကို အနွေးဓာတ်ပေးပြီး နွေးထွေးစေတာဖြစ်ပါတယ်။

Ref: IE

K.H

## တစ်နာရီကို ဟိုက်ဒရိုဂျင်ပေါင် ၉၉၀ ထုတ်ပေးမယ့် ကမ္ဘာ့အကြီးဆုံးဓာတ်ခွဲကိရိယာ

တရုတ်နိုင်ငံ ရွှမ်းလျန်ကုမ္ပဏီက ကမ္ဘာ့အကြီးဆုံးလို့ဆိုနိုင်တဲ့ အယ်ကာလိုင်းဓာတ်ခွဲကိရိယာကို ဖန်တီးပြီးလက်တွေ့စမ်းသပ်လိုက်နိုင်ပါပြီ။ အဲဒီဓာတ်ခွဲကိရိယာကနေထုတ်လုပ်ပေးနိုင်တဲ့အရာက ဟိုက်ဒရိုဂျင်ပါ။ သူတို့ရဲ့စမ်းသပ်မှုအရဆိုရင် တစ်နာရီကို ပေါင် ၉၉၀ အထိ ထုတ်လုပ်ပေးနိုင်တယ်လို့သိရပါတယ်။

နောင်အနာဂတ်မှာ ဟိုက်ဒရိုဂျင်စွမ်းအင်ဆိုတာ မရှိမဖြစ်လိုအပ်လာနိုင်တဲ့အရာတစ်ခုဖြစ်ပါတယ်။ အကြောင်းရင်းကတော့ ကာဗွန်ထုတ်လွှတ်မှုကင်းစင်တဲ့ ကမ္ဘာကြီးဖြစ်လာစေဖို့အတွက် သန့်ရှင်းစွမ်းအင်ကို အသုံးပြုရမှာကြောင့်ပါ။




အကယ်၍သာ ဒီဓာတ်ခွဲကိရိယာကြီးကအမှန်တကယ်အလုပ်ဖြစ်တယ်ဆိုရင် ဒါဟာ အနာဂတ်စွမ်းအင်ထုတ်လုပ်ရေးအတွက် သိပ်ကိုအကျိုးကြီးမားတဲ့အရာဖြစ်လာမှာပါ။

Ref: IE

K.H

## နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာစေရေး ပူတင်နှင့်မိုဒီတို့ဆွေးနွေး

**ကာဇန်၊ ဆက်ဆံရေး**

ရုရှားအစိုးရကကြီးမှူးဆောင်ရွက်နေသည့် BRICS အဖွဲ့ထိပ်သီးညီလာခံဘေးပန်းတွေ့ဆုံမှု၌ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီတို့က နှစ်နိုင်ငံကြားဆက်ဆံရေးပိုမိုခိုင်မာစေရေး၊ BRICS အဖွဲ့၌ ပူးပေါင်းဆောင်ရွက်မှုများပိုမိုလုပ်ဆောင်နိုင်စေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြောင်းသိရသည်။

ထို့ပြင် နှစ်နိုင်ငံကြားတွင်မဟာဗျူဟာမြောက်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍လည်း ပူတင်နှင့်မိုဒီတို့ကဆွေးနွေးသည်။ ယခုခရီးစဉ်သည် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်အထူးဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည်ဟု မိုဒီက ရုရှားနိုင်ငံသို့မသွားခင်ကတည်းက ပြောထားသည်။

တစ်ချိန်တည်းမှာပင် မိုဒီက ယူကရိန်းပဋိပက္ခကို အမြန်ဆုံးဖြေရှင်းနိုင်ရေးတိုက်တွန်းပြီး အိန္ဒိယနိုင်ငံက လိုအပ်သည့်နေရာများတွင် ပါဝင်ကူညီပေးမည်ဟု ပူတင်ကိုပြောသည်။

ထို့အတူ ပူတင်က အိန္ဒိယအစိုးရအနေဖြင့် ရုရှားနိုင်ငံ၌ ကောင်စစ်ဝန်ရုံးအသစ်များထပ်မံဖွင့်လှစ်မှုကို ကြိုဆိုကြောင်း၊ ယင်းကဲ့သို့ဖွင့်လှစ်ခြင်းသည် နှစ်နိုင်ငံပြည်သူများကြားနှင့် စီးပွားရေးလုပ်ငန်းများကြားဆက်ဆံရေးကိုပိုမိုအဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်း ပြောသည်။

BRICS အဖွဲ့ထိပ်သီးအစည်းအဝေးကို ရုရှားနိုင်ငံ ကာဇန်မြို့၌ အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိဆောင်ရွက်နေခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှခေါင်းဆောင်အချို့နှင့်ကိုယ်စားလှယ်များတက်ရောက်ကြောင်းသိရသည်။

Ref: RT




## ဘလင်ကန်မရောက်မီ ဟစ်ဇဘိုလာက အစ္စရေးကို ဒုံးကျည်များဖြင့်တိုက်ခိုက်

**ဘေရွတ်၊ စစ်ရေး**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အစ္စရေးမရောက်မီနာရီပိုင်းအလို အောက်တိုဘာလ ၂၂ ရက်နံနက်ပိုင်းတွင် ဟစ်ဇဘိုလာတို့က အစ္စရေးနိုင်ငံ တဲအဗစ်မြို့အနီးရှိ စစ်ဌာနချုပ်နှစ်ခုနှင့် ဟိုင်ဖာမြို့ရှိ စစ်ဌာနချုပ်တစ်ခုတို့ကို ဒုံးကျည်အမြောက်အမြားဖြင့် တိုက်ခိုက်မှုများလုပ်ဆောင်ကြောင်းသိရသည်။

အစ္စရေးက လက်ဘနွန်နိုင်ငံတောင်ပိုင်းနှင့် ဘေရွတ်မြို့တောင်ပိုင်းရှိဆင်ခြေဖုံးဒေသများကို ညလုံးပေါက်တိုက်ခိုက်မှုများလုပ်ဆောင်ပြီးနောက် ဟစ်ဇဘိုလာတို့က ယခုကဲ့သို့တိုက်ခိုက်ခြင်းဖြစ်သည်။

အန်တိုနီဘလင်ကန်အနေဖြင့် အစ္စရေးသို့လာရောက်မှုသည် အစ္စရေးနှင့်ဟားမက်တို့ကြားအပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက်ပိုင်း (၁၁)ကြိမ်မြောက်လာရောက်ခြင်းဖြစ်ပြီး ထိုခရီးစဉ်များ၌ အရှေ့အလယ်ပိုင်းဒေသတွင် အပစ်အခတ်ရပ်စဲရေးရရှိစေရန် ကြိုးပမ်းသော်လည်း ယနေ့အချိန်အထိ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဆုံးရှုံးမှုများစွာရရှိထားသည့် ဟစ်ဇဘိုလာတို့က အစ္စရေးနှင့်တိုက်ပွဲများဖြစ်နေစဉ်အတွင်း ဆွေးနွေးညှိနှိုင်းမှုလုပ်ဆောင်သွားမည်မဟုတ်ကြောင်း ထုတ်ပြန်ထားသည်ဟုသိရသည်။

Ref: TST



## အိန္ဒိယနိုင်ငံအရှေ့ပိုင်းသို့ မုန်တိုင်းဝင်မည့်အတွက် ကျောင်းများပိတ်ထား

**နယူးဒေလီ၊ သဘာဝဘေး**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိသပြည်နယ်သို့ ယခုသီတင်းပတ်နှောင်းပိုင်းတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်မည်ဖြစ်သောကြောင့် စာသင်ကျောင်းများကိုပိတ်ထားရန်နှင့် ခရီးသွားများအနေဖြင့် ဘေးကင်းရာသို့ပြန်သွားရန် ဒေသတွင်းတာဝန်ရှိသူများက အောက်တိုဘာလ ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

ဒါနာအမည်ရှိဆိုင်ကလုန်းမုန်တိုင်းက လက်ရှိတွင် ဘင်္ဂလားပင်လယ်အော်၌ ရှိနေပြီး မကြာမီအလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ရောက်ရှိကာ အောက်တိုဘာလ ၂၄ ရက်တွင် တစ်နာရီလျှင်လေတိုက်နှုန်းကီလိုမီတာ ၁၂၀ဖြင့် ကုန်းတွင်းပိုင်းသို့ဝင်ရောက်နိုင်ခြေရှိသည်ဟု မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ထို့ကြောင့် ခရိုင် ၁၄ ခုရှိစာသင်ကျောင်းများအားလုံးကို အောက်တိုဘာလ ၂၃ ရက်မှ ၂၅ ရက်အထိပိတ်ထားရန်၊ တံငါသည်များ ပင်လယ်သို့မထွက်ရန်၊ ပူရီမြို့သို့လာရောက်လည်ပတ်နေသည့် ခရီးသွားများနှင့်ဘုရားဖူးများအနေဖြင့် ထိုနေရာမှနေ၍ဘေးကင်းရာသို့ထွက်ခွာရန်နှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက အသင့်အနေအထားဖြင့်ရှိနေပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသူများကညွှန်ကြားထားသည်။

Ref: RTA

# သတင်းတိုကဏ္ဍ

## အပူပိုင်းမုန်တိုင်းထရာမီ ဖိလစ်ပိုင်သို့ ဦးတည်နေ

အလွန်အားကောင်းသော အပူပိုင်းမုန်တိုင်းထရာမီသည် ဖိလစ်ပိုင်နိုင်ငံသို့ ဦးတည်နေပြီး အောက်တိုဘာလ ၂၃ ရက်နှောင်းပိုင်း သို့မဟုတ် ၂၄ ရက်နံနက်ပိုင်းတွင် လူဇွန်ကျွန်းကိုဖြတ်သန်းနိုင်ခြေရှိကြောင်းသိရသည်။

ထိုမုန်တိုင်းသည် လက်ရှိတွင်တစ်နာရီလျှင်လေတိုက်နှုန်း ၆၅ ကီလိုမီတာနှုန်းဖြင့်တိုက်ခတ်နေသော်လည်း ကုန်းတွင်းပိုင်းသို့မဝင်မီတွင် အလွန်အားကောင်းသောမုန်တိုင်းအဖြစ်သို့ပြောင်းလဲလာနိုင်ကြောင်း၊ မုန်တိုင်း၏အရှိန်ကြောင့် ပြည်နယ်အများအပြားတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ထို့ပြင် မုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ၏ စပါးအဓိကစိုက်ပျိုးရာ ဒေသတစ်ခုဖြစ်သော ကာဂါယန်တောင်ကြားမှဖြတ်သန်းသွားမည်ဖြစ်သည့်အတွက် လယ်ဧကများစွာပျက်စီးနိုင်သည်။

ထိုမုန်တိုင်းသည် ဖိလစ်ပိုင်ကိုဖြတ်သန်းစဉ်အားပျော့မည်ဖြစ်သော်လည်း တောင်တရုတ်ပင်လယ်ပြင်သို့ ရောက်ရှိပါက ပြန်လည်အားကောင်းလာမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံအလယ်ပိုင်းသို့ဦးတည်တိုက်ခတ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

Ref: BP

## ဂျာမနီ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူပထမဆုံးတွေ့ရှိ

ဂျာမနီနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူတစ်ဦးကို ပထမဆုံးအကြိမ်တွေ့ရှိကြောင်း၊ သို့သော် ပြည်သူလူထုသို့ကူးစက်ပျံ့နှံ့နိုင်ခြေ နည်းပါးကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၂၂ ရက်တွင်ပြောသည်။

ထိုရောဂါကူးစက်ခံရသူသည် မျောက်ကျောက်ရောဂါမျိုးကွဲအသစ်ကူးစက်ခံရခြင်းဖြစ်ကြောင်း၊ ပြည်ပသို့ခရီးသွားလာဖူးသည့်ရာဇဝင်ရှိပြီး အောက်တိုဘာလ ၁၈ ရက်တွင် ရောဂါပိုးကူးစက်ခံရသည်ကိုစစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်းနှင့် ထိုသူမှတစ်ဆင့် အခြားသူများသို့ကူးစက်ရန်မှာ ရပ်ပိုင်းဆိုင်ရာအရ ထိတွေ့မှုရှိမှသာဖြစ်နိုင်မည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဌာနကထုတ်ပြန်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထိုမျောက်ကျောက်ရောဂါဖြစ်ပွားမှုကို တစ်ကမ္ဘာလုံးဆိုင်ရာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ဩဂုတ်လတွင်ဒုတိယအကြိမ်ကြေညာခဲ့ခြင်းဖြစ်သည်။

ထိုရောဂါသည် ယခင်က အာဖရိကဒေသတွင်သာဖြစ်ပွားရာမှ ဩဂုတ်လ ၁၅ ရက်၌ ဆွီဒင်နိုင်ငံတွင် ပထမဆုံးကူးစက်မှုတွေ့ရှိပြီးနောက် အရေးပေါ်အခြေအနေကြေညာခြင်းဖြစ်သည်။ Ref: RTA

## ထရမ့်လက်ထက် ကုန်သွယ်ရေးစစ်ပွဲဖြစ်ရန် ဥရောပပြင်ဆင်

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့်သာ သမ္မတဖြစ်လာပါက ဥရောပသမဂ္ဂအနေဖြင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားရန် အသင့်ပြင်ဆင်ထားသည်ဟု သံတမန်အရင်းအမြစ်များ၏ပြောဆိုမှုကို ကိုးကား၍ Politico သတင်းဌာနက ဖော်ပြထားသည်။

ဥရောပသမဂ္ဂနှင့်အမေရိကန်တို့ကြား သွင်းကုန်ပို့ကုန်ကွာဟမှုအလွန်ကြီးမားနေသည့်အတွက် ပြင်းထန်သည့်ကုန်သွယ်ရေးဆောင်ရွက်မှုအသစ်များကို ချမှတ်သွားမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ကတိပြုထားသည့်အတွက် ထရမ့်အနေဖြင့်သမ္မတဖြစ်လာမည်ကို ဥရောပနိုင်ငံများကစိုးရိမ်နေခြင်းဖြစ်သည်။

ထရမ့်သမ္မတဖြစ်စဉ်က အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကြား အပြန်အလှန်ပို့ကုန်အခွန်တိုးမြှင့်ကောက်ခံမှုများကို ချမှတ်ခဲ့သော်လည်း အသက်ဝင်ခဲ့ခြင်းမရှိသည်ကိုတွေ့ရသည်။

သို့သော် ယခုတစ်ကြိမ်တွင်မူ ယခင်ကကဲ့သို့ ဖြစ်နိုင်တော့မည်မဟုတ်ကြောင်း၊ ယင်းအတွက်ကြောင့် ထရမ့်သာသမ္မတဖြစ်ခဲ့လျှင် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်။

Ref: RT

## ရုရှားရောက်တပ်ဖွဲ့ဝင်များကိစ္စ မြောက်ကိုရီးယားငြင်းဆို

ရုရှားနိုင်ငံသို့ရောက်ရှိနေသည့် တပ်ဖွဲ့ဝင်များကိစ္စသည် အနောက်အုပ်စုကထင်မြင်သုံးသပ်နေသကဲ့သို့မဟုတ်ကြောင်း မြောက်ကိုရီးယားတာဝန်ရှိသူတစ်ဦးက ပြောသည်။

မြောက်ကိုရီးယားစစ်သည်များသည် ယူကရိန်းပဋိပက္ခတွင် ရုရှားဘက်ကမှ ပါဝင်နိုင်ရေးအတွက် ရုရှားနိုင်ငံသို့ ရောက်ရှိနေသည်ဟု အနောက်အုပ်စုအပြင် ယူကရိန်းနှင့်တောင်ကိုရီးယားနိုင်ငံတို့ကပါ စွပ်စွဲထားခြင်းဖြစ်သည်။

သို့သော် ထိုသို့စွပ်စွဲမှုများက မြောက်ကိုရီးယားနိုင်ငံ၏ အသရေကိုညှိုးနွမ်းစေရန်ရည်ရွယ်ကြံစည်ပြောဆိုနေခြင်းများသာဖြစ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်နှစ်နိုင်ငံကြားရှိ တရားဝင်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးကို လျှော့ပါးသွားစေရန်ရည်ရွယ်ကြောင်း ကုလသမဂ္ဂဆိုင်ရာမြောက်ကိုရီးယားကိုယ်စားလှယ်က အောက်တိုဘာလ ၂၁ ရက်တွင်ပြောသည်။

ရုရှားနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် ၎င်းတို့၏နှစ်နိုင်ငံကြားဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံအဖြစ်သို့တိုးမြှင့်ရန် နှစ်နိုင်ငံခေါင်းဆောင်များကသဘောတူလက်မှတ်ထိုးထားကြောင်းသိရသည်။

Ref: RT

# နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး၊ အစည်းအဝေးခန်းမ(၁)၌ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ဧကများအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်စိုက်ပျိုးရေး၊ သီးထပ်စွမ်းအား ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရေး၊ ချည်မျှင်ရှည်ဝါတိုးချဲ့စိုက်ပျိုးရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးညီညီမင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကိုရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ခေတ္တအမြဲတမ်းအတွင်းဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# လှည်းကူးမြို့နယ်၊ စံပြကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စံပြကျေးရွာရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စံပြမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၇၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/ အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေလိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင်အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့ သည့် "KO KYAW" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်နေ ကျော်လင်းထွန်း(ခ)ကျင်ဝှက်အား ညနေ ၄ နာရီ ၄၅ မိနစ်တွင် အေးသာယာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီအစဉ်မှ **"တော်လှန်ရေးအကြောင်းပြ စတေးခံ PDF အကြမ်းဖက်သမားများ၏ဘဝနှင့် ကိုယ်ကျိုးရှာအလှူခံ ပြည်ပသို့ရွှေ့ပြောင်းသူများရဲ့တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ၂၃-၁၀-၂၀၂၄ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကို လုပ်ကြံသတ်ဖြတ်လျက် အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရေကြည်မြို့နယ်၊ စောပြာကျေးရွာနှင့်စိမ့်ကြီးကျေးရွာရှိ ဒေသခံလူနေအိမ် ၂၀၀ နီးပါးကို နီးစပ်ရာကျေးရွာများသို့ ဖိအားပေးပြောင်းရွှေ့ခိုင်းလျက်ရှိကြောင်း သတင်းအမှားများအား လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ စောပြာကျေးရွာနှင့် စိမ့်ကြီးကျေးရွာရှိ ဒေသခံလူနေအိမ် ၂၀၀ နီးပါးကို နီးစပ်ရာကျေးရွာများသို့ ဖိအားပေးပြောင်းရွှေ့ခိုင်းလျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ကျေးရွာရှိလူနေအိမ်များ ပြောင်းရွှေ့ရန်စေခိုင်းမှုလုံးဝမရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ ပြည်သူများအထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိ ကောလာဟလသတင်းအမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်ဝေရေးသားခြင်းဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)



# အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ဘီလူးငါးကောင်အမှတ်တံဆိပ် အမျိုးသားအကြောသန်အားတိုးဆေးမှုန့်နှင့် ဆာဒူးကြီးအမှတ်တံဆိပ် အမျိုးသားအကြောသန်အားတိုးဆေးမှုန့်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသောဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီမဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး) ဖြစ်ခြင်း၊ သတ်မှတ်ချက် (၁၀)ချက်ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေး Sildenafil ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့်အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ဘီလူးငါးကောင် | အမျိုးသားအကြောသန်အားတိုးဆေးမှုန့် | ဆေးမှုန့် | အမှတ် ၃၄၄၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၂။ | ဆာဒူးကြီး | အမျိုးသားအကြောသန်အားတိုးဆေးမှုန့် | ဆေးမှုန့် | အမှတ် ၃၄၄၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |




**Sildenafil ရောနှောသည့် ဆေးဘူးနမူနာများ**

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၂

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ Mr. Vorozhtsov Alexander Borisovich ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့အကြား ဘွဲ့ဒီဂရီများအပြန်အလှန် အသိအမှတ်ပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြန်မာနိုင်ငံ တက္ကသိုလ်များနှင့် Tomsk State University တို့အကြား နားလည်မှုစာချွန်လွှာများ ရေးထိုး၍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာ ကျောင်းသား၊ ကျောင်းသူများ ရုရှားနိုင်ငံသို့ ပညာတော်သင် ပိုမိုစေလွှတ်နိုင်ရေးနှင့် သုတေသနပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် တက္ကသိုလ် Master Plan အတိုင်း ဆောင်ရွက်မှု၊ ပြည်တွင်းနှင့် နိုင်ငံတကာသုတေသနပရောဂျက်ဆောင်ရွက်မှုဆိုင်ရာတိုးတက်မှုအခြေအနေတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ လိုအပ်မှုအခက်အခဲတင်ပြချက်များအပေါ် ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက **နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးတစ်တပ်တစ်အား အထောက်အကူပြုမည့် အရည်အသွေးစံမီ လူငယ် IT ပညာရှင်ကောင်းများကို မွေးထုတ်ပေးရန်၊ တိုးတက်ပြောင်းလဲမှု မြန်ဆန်နေသော Digital Transformation ဆိုင်ရာ IT နည်းပညာအရွေ့တို့နှင့်အတူ အမီလိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်** တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Lab ခန်းများတွင် IT သုတေသနပရောဂျက်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ အားကစားခန်း၊ ကျောင်းသားအိပ်ဆောင်သစ်နှင့် တက္ကသိုလ်ဥပမိရပ်တင့်တယ်ရေးနှင့်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ပြည်သူ့အကျိုးသယ်ပိုးနိုင်မည့် ထူးချွန်ထက်မြက်ကာ ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသားလူငယ်များ ပျိုးထောင်ပေးနိုင်ရေးအတွက် ဝန်းကျင်ကောင်းများဖော်ဆောင်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

❑ **ကျောဖုံးမှအဆက်**

ရှမ်းယူနိုက်တက်အသင်းမှ ဟန်ထွန်းဇော်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် ပဒုမ္မာအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၅ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်းမှ ဖိုးသကြၤန်က ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့ပြီး ပွဲချိန် ၈၁ မိနစ်တွင် ခန့်ဘုန်းနိုင်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းမှ ဟိန်းမင်းဦးက ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် အောက်တိုဘာလ ၂၃ ရက် **(ယနေ့)**ညနေ ၃ နာရီတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ ပဒုမ္မာအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ISPE အသင်း၊ ညနေ ၃ နာရီတွင် တက္ကသိုလ်အားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသောရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာလ ၂၂ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါး၂၀ချပ်ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၂.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၂.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၆၄၂၂ | ၆၂၆.၆၃ | ၅၆၃၃၀၆ | ၁၆၉၄၆ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၂၄ | - | ၀.၀၁ | ၆၂၆.၇၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၉၅ | ၆၂၇.၂၀ | ၂၈၃၅၂ | - | ၇.၈၀ | ၈၁၄၈ | - | - | ၀.၂၀ | ၆၂၇.၀၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၂ | ၅၁၈.၆၀ | ၈၇၉၄၈ | ၂၇၀ | ၁.၄၀ | ၃၈၂၂ | - | - | ၀.၂၆ | ၅၁၈.၆၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၁၅ | ၅၀၉.၀၅ | ၁၀၂၁၉ | ၇ | ၂.၉၅ | ၂၀၃၈ | - | - | ၀.၀၅ | ၅၀၉.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၄၈ | ၄၃၇.၇၈ | ၆၉၃၄၀ | ၂၈၆ | ၁.၂၂ | ၃၆၆၀ | - | - | ၀.၀၉ | ၄၃၇.၈၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၅ | ၅၃၄.၅၁ | ၇၃၀၃၀ | - | ၀.၄၉ | ၁၉၇၀ | - | - | - | ၅၃၄.၅၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၉၁ | ၇၅၃၈ | ၁၁ | ၂.၀၉ | ၁၁၈၀ | - | - | - | ၄၁၅.၉၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၅၁ | ၇၀၃.၄၄ | ၁၀၇၀၉၆ | ၁၆၅ | ၆.၅၆ | ၃၅၉၉၄ | - | - | ၀.၁၈ | ၇၀၃.၄၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၀.၂၅ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | ၀.၁၈ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၀ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | ၀.၂၀ | ၈၆၃.၄၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တိရစ္ဆာန်အစားအစာများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**အောက်တိုဘာလ ၂၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၂၀၂၉၆)ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၁၅၂၆၃)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၃၇၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၉၇၂၅၅၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ဧ(၁၀၀) လယ်ကွင်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် အိန္ဒူစုံပြကျေးရွာ၊ မိုက်အောင်ရပ်ကွက်ရှိဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး၊ တိရစ္ဆာန်အစားအစာ (၁)မျိုး၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၆၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူ(၁) လမ်းဘေးတစ်နေရာ၌ စုပုံထားသော လက်ဝတ်ရတနာပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၃၃၁၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ကျောက်ဆည်မြို့နယ်၊ မြို့အဝင်ဘီးခွန်ကောက်ခံရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် မီးသွေး(၁၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀)နှင့် အဆိုပါမီးသွေးများ တင်ဆောင်လာသည့် Toyota Dyna မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၅၀၆၅၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ မြဝတီဆီဆိုင်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၂၂ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၇၀၇)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၂၃၃၆)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၈၄၁၃၉၅)** ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့်လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှု စသည်များလျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်း ရရှိသည်။ **(သတင်းစဉ်)**

# ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြမန်စီနီကိုထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် ဇီဒန်းကို ခန့်အပ်ရန်ဆွေးနွေးမှုများပြုလုပ်



ရီယက် အောက်တိုဘာ ၂၂

ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်က လက်ရှိဆော်ဒီအသင်းနည်းပြ မန်စီနီကို ရာထူးမှထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ ဇီဒန်းကို ခန့်အပ်ရန်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆော်ဒီအသင်းနည်းပြအဖြစ် လက်ရှိနည်းပြမန်စီနီကို ၂၀၂၃ ခုနှစ်က ခန့်အပ်ထားသော်လည်း နည်းပြ မန်စီနီအနေဖြင့် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသည့်အတွက် ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြမန်စီနီကို ရာထူးမှထုတ်ပယ်ရန်ကြိုးပမ်းနေပြီး ၎င်း၏နေရာ၌ နည်းပြသစ်အဖြစ် ဇီဒန်းကို ခန့်အပ်လိုနေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နည်းပြ မန်စီနီသည် ဆော်ဒီအသင်းကို ပြိုင်ပွဲစုံ ပွဲပေါင်း ၂၀ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရှစ်ပွဲသာအနိုင်ရရှိပြီး ခုနစ်ပွဲသရေရလဒ်နှင့် ငါးပွဲရှုံးနိမ့်ထားကာ အာရှဖလားပြိုင်ပွဲတွင်လည်း အောင်မြင်မှုမရရှိဘဲ တောင်ကိုရီးယားအသင်းကို ရှုံးနိမ့်ပြီး ၁၆ သင်းရှုံးထွက်အဆင့်မှပင်ထွက်ခွာခဲ့ရသကဲ့သို့ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင်လည်း အုပ်စုပွဲစဉ် လေးပွဲကစားပြီးချိန်တွင် တစ်ပွဲသာအနိုင်ရရှိပြီး နှစ်ပွဲသရေနှင့် တစ်ပွဲရှုံးခဲ့သည်။ လက်ရှိတွင် ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြမန်စီနီနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန်ကြိုးပမ်းနေခြင်းဖြစ်ပြီး ၎င်း၏နေရာ၌ နည်းပြသစ်အဖြစ် ဇီဒန်းကို ခန့်အပ်လိုနေခြင်းဖြစ်သည်။

အသက် ၅၂ နှစ်အရွယ် ဇီဒန်းသည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ရီးယဲလ်မက်ဒရစ်အသင်းနှင့်စတင်ခဲ့ကာ ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၁ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

နည်းပြ ဇီဒန်းသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားနှင့် စပိန်လာလီဂါဖလားတို့ကို ဆွတ်ခူးပေးနိုင်သည်အထိ အောင်မြင်မှုများ ရယူနိုင်ခဲ့သူဖြစ်သည့်အတွက် အစောပိုင်းက မန်ယူအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ရန် ကမ်းလှမ်းမှုများရှိခဲ့သော်လည်း ငြင်းဆန်ခဲ့ပြီး လက်ရှိတွင် ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

*Ref;Goal.com*

## ရီစီဂျိမ်းစ် အသင်းမှထွက်ခွာမည့်သတင်းများမှာ မဟုတ်မှန်ကြောင်း နည်းပြမာရက်စ်ကာပြောကြား

လန်ဒန် အောက်တိုဘာ ၂၂

ချယ်လ်ဆီးအသင်းနည်းပြ မာရက်စ်ကာက အသင်းခေါင်းဆောင် ရီစီဂျိမ်းစ် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည့်သတင်းများမှာ မဟုတ်မှန်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၄ နှစ်အရွယ် ရီစီဂျိမ်းစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီကတည်းက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားသော်လည်း ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရသည့်အတွက် ပွဲစဉ်အများစုကိုလွဲချော်ခဲ့ပြီး ယခုဘောလုံးရာသီအစပိုင်းတွင်လည်း ပွဲစဉ်များကိုလွဲချော်ခဲ့ကာ ပြီးခဲ့သည့် လီဗာပူးအသင်းနှင့်ပွဲစဉ်မှသာ စတင်ပါဝင်ကစားနိုင်ခဲ့သည်။

ရီစီဂျိမ်းစ်အနေဖြင့် ဒဏ်ရာပြန်လည်သက်သာလာသော်လည်း လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ဘင်ဖီကာအသင်းသို့မဟုတ် အက်သလက်တီကိုအသင်းတို့မှ တစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများလုပ်ဆောင်လျက်ရှိသည်ဟု ပြီးခဲ့သည့်ရက်ပိုင်းက သတင်းများထွက်ပေါ်ခဲ့သည့်အတွက် နည်းပြ မာရက်စ်ကာက ၎င်းအနေဖြင့် အသင်းမှထွက်ခွာမည်မဟုတ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

*Ref;Fabrizio Romano*

# ဒဏ်ရာကြောင့် အနားယူနေရသည့် မန်ယူအသင်းခံစစ်ကစားသမား ယိုရို ဒဏ်ရာပြန်လည်သက်သာလာသည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းပြီး လေ့ကျင့်မှုများစတင်လုပ်ဆောင်

မန်ချက်စတာ အောက်တိုဘာ ၂၂

မန်ယူအသင်းခံစစ်ကစားသမား ယိုရိုသည် ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရာ ယခုအခါ ဒဏ်ရာပြန်လည်သက်သာလာသည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းပြီး လေ့ကျင့်မှုများ စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အသက် ၁၈ နှစ်အရွယ်သာရှိသေးသည့် ယိုရိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက လိုင်လီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အသင်းနှင့် ပွဲစဉ်အနည်းငယ်သာပါဝင်ကစားနိုင်ကာ ခြေထောက်ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရခြင်းဖြစ်သည်။

ယိုရိုသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ရာသီကြိုခြေစမ်းပွဲစဉ်နှစ်ပွဲသာကစားခဲ့ရပြီး ဇူလိုင်လ ၂၈ ရက်က အာဆင်နယ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ခြေထောက်ဒဏ်ရာရရှိပြီးနောက် ခွဲစိတ်ကုသမှုများပြုလုပ်ခဲ့ရသည့်အတွက် ကာလရှည်အနားယူနေခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် ယိုရိုသည် ခြေထောက်ဒဏ်ရာပြန်လည်သက်သာလာသည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းကာ လေ့ကျင့်မှုများလုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သော်လည်း ဖီနာဘာချီအသင်းနှင့်ကစားမည့်ပွဲစဉ်တွင် ပါဝင်နိုင်ဦးမည်မဟုတ်ဘဲ အောက်တိုဘာလ ၂၈ ရက်တွင်ကစားမည့် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်မှသာ စတင်ပါဝင်ကစားနိုင်ဖွယ်ရှိနေသည်။

မန်ယူအသင်းခံစစ်ပိုင်းတွင် ယိုရိုအနေဖြင့် ဒဏ်ရာပြန်လည်သက်သာလာသော်လည်း မက်ဂွိုင်ယာနှင့်လုရှောခ်တို့မှာ အသင်းနှင့်မပူးပေါင်းနိုင်သေးကြောင်း သိရသည်။ *Ref;Fabrizio Romano*

# ဘာစီလိုနာအသင်း၏ စပိန်လာလီဂါပြိုင်ပွဲ ရှုံးပွဲမရှိပွဲဆက်အများဆုံးစံချိန်ကို ရီးယဲလ်မက်ဒရစ်အသင်းလိုက်မီနိုင်ရန် တစ်ပွဲသာလိုနေ

မက်ဒရစ် အောက်တိုဘာ ၂၂

စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဆယ်လ်တာဗီဂိုအသင်းတို့ ကစားသည့်ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက အနိုင်ရရှိပြီးနောက် စပိန်လာလီဂါပြိုင်ပွဲတွင် ပြိုင်ဘက် ဘာစီလိုနာအသင်းတင်ထားခဲ့သည့် စပိန်လာလီဂါပြိုင်ပွဲ ရှုံးပွဲမရှိပွဲဆက်အများဆုံးစံချိန်ကို လိုက်မီနိုင်ရန် တစ်ပွဲသာလိုအပ်နေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဆယ်လ်တာဗီဂိုအသင်းကို အဝေးကွင်း၌ ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီး စပိန်လာလီဂါပြိုင်ပွဲတွင် ၄၂ ပွဲဆက်ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် ဘာစီလိုနာအသင်း၏ ၄၃ ပွဲဆက်ရှုံးပွဲမရှိစံချိန်ကိုလိုက်မီနိုင်ရန် တစ်ပွဲသာလိုအပ်မည်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်လာလီဂါပွဲစဉ်(၆)အဖြစ်ကစားသည့် မက်ဒရစ်မြို့ခံပြိုင်ဘက်ဖြစ်သော အက်သလက်တီကိုအသင်းနှင့်ကစားသည့်ပွဲစဉ်တွင် ၃ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက်ပိုင်း ဘောလုံးရာသီကုန်ဆုံးချိန်အထိ ရှုံးပွဲမရှိခဲ့သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း တစ်ပွဲမျှရှုံးနိမ့်ခြင်းမရှိသေးဘဲ စပိန်လာလီဂါ ၄၂ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၁၁) အဖြစ် အောက်တိုဘာလ ၂၇ ရက်တွင် ဘာစီလိုနာအသင်းနှင့် အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါက ဘာစီလိုနာအသင်းစံချိန်ကို လိုက်မီနိုင်မည်ဖြစ်ကြောင်း သိရသည်။ *Ref;Fotmob*



# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။
(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။
(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။
(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။
(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ **Myawady Webportal (www.myawady.net.mm/nurse(male))**တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။
(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။
(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ ရက်နေ့မှ ၁၇-၁၂-၂၀၂၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-
(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)
(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)
(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)
(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)
(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)
(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)) အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ **Myawady Webportal (www.myawady.net.mm/nurse(female))**တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ ရက်နေ့မှ ၁၇-၁၂-၂၀၂၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


MWD
မိုးဒီယာစင်တာ
Theatre
Function Hall
Ball Room
Media Training
Meeting Room
ရရှိနိုင်သောဝန်ဆောင်မှုများ
မီဒီယို / ဂုဏ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် စေတ်မီ Studio အခန်းများအသုံးဖြင့် Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့် ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်မှအကြမ်းဖက်အုပ်စုအဖြစ်ကြေညာခဲ့ပြီးဖြစ် . . .**

❖ **ထို့ကြောင့် ၎င်းတို့နှင့်ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကိုအားပေးနေကြသူများပင်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အားကောင်းသောမုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ည ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းငယ် (Deep Depression)အဖြစ်သို့ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းမြို့(Hainggyikyun)၏အနောက်ဘက် ရေမိုင် ၂၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဆာဂါကျွန်း (Sagar Island)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား **စာမျက်နှာ ၁၂ ကော်လံ ၁** ●




# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၃ ရက်**(ယနေ့)**တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို အောက်တိုဘာလ ၂၃ ရက်**(ယနေ့)**နံနက် ၇ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD၊ MRTV–Parliament၊ MRTV–NRC၊ MWD HD၊ MWD Variety HD Channel များနှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှလည်း တိုက်ရိုက်(Live)ထုတ်လွှင့်မည်ဖြစ်ပါသည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

**အနောက်တိုင်းဆေးရောနှောပြီးစံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်**

စာ - ၂၅ သို့

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့်သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကောင်းထက်ကသွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို **စာမျက်နှာ ၂၅ ကော်လံ ၁** ❑

